# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက် | ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ် (၂၈၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၅)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက် ဂါရဝပြု

နေပြည်တော် ဇူလိုင် ၁၉

၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ဂါရဝပြုသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

**ယနေ့** *ဖတ် စ ရာ*

## (၇၅)နှစ်မြောက် အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)၌ နိုင်ငံတော်အလံအား တိုင်ဝက်သို့ လျှော့ချလွှင့်ထူခြင်း အခမ်းအနားကျင်းပ

ပြည်တွင်းသတင်း စာ - ၆

## လျှောက်သောလမ်း ဖြောင့်ဖြူး၍ ပွင့်သောပန်းတိုင်း လန်းစေမည်

ဆောင်းပါး စာ - ၈

## အလေးအနက်ထားဆောင်ရွက်ရမည့် တစ်မျိုးသားလုံး ပညာရည်မြှင့်တင်ရေး

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် လူသားအရင်းအမြစ်က အဓိကအကျဆုံးဖြစ်သည်။ သယံဇာတမည်မည်ရရမရှိသော်လည်း အဖိုးတန်လူသားအရင်းအမြစ် ပြုစုပျိုးထောင်ကာ နိုင်ငံကို ထိပ်တန်းသို့ရောက်အောင် မြှင့်တင်နိုင်ခဲ့သည့် နိုင်ငံများ များစွာရှိသည်။ အဖိုးတန် လူသားအရင်းအမြစ်ဟူသည် အရေအတွက် သက်သက်မျှသာ မဟုတ်သော ပညာတတ်လူသားအရင်းအမြစ်၊ ကျွမ်းကျင်လူသားအရင်းအမြစ်ဖြစ်ပြီး နိုင်ငံတည်ဆောက်ရေးတွင် ကဏ္ဍအလိုက် တတ်သိကျွမ်းကျင်သူများအဖြစ် ဆောင်ရွက်နိုင်စွမ်းရှိသူများပင် ဖြစ်သည်။ သို့ရာတွင် အဖိုးတန်၊ တန်ဖိုးမြင့် လူသားအရင်းအမြစ်ဟူသည် အလိုလျောက် ဖြစ်ထွန်းလာခြင်းမဟုတ်ဘဲ နိုင်ငံ၏ လိုအပ်ချက်နှင့်ကိုက်ညီအောင် စနစ်တကျပြုစုပျိုးထောင်မှု ပြုလုပ်ပြီးမှသာ ပေါ်ထွက်လာခြင်းဖြစ်သည်။

မိမိတို့နိုင်ငံ၏ ပညာရေးအခြေအနေအားနည်းနေခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အကြိမ်ကြိမ်ထုတ်ဖော်ပြောကြားလျက်ရှိသည်။ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံတွင် အသက် ၅ နှစ်အထက် ကျောင်းမနေဖူးသူ ဦးရေ ၈ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး အသက် ၂၅ နှစ်နှင့်အထက် လူဦးရေ ၁၂ ဒသမ ၈ သန်းမှာ မူလတန်းအောက် ပညာအရည်အချင်းတွင်သာရှိနေသည်။ သူငယ်တန်းမှ စတင်ကျောင်းဝင်သူ ၁၀၀ လျှင် စတုတ္ထတန်းသို့ ရောက်သောအခါ ၆၀ သာ ကျန်ရှိတော့ပြီး အလယ်တန်းပြီးမြောက်အောင် ဆက်လက်သင်ယူသူမှာ ၅၀ ခန့်သာ ကျန်ရှိတော့သည်ဟု ကိန်းဂဏန်းများက ပြဆိုနေရာ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံတို့မှအစ အခမဲ့ပညာရေးစနစ်ဖြစ်သည့်အတွက် ကျောင်းနေအရွယ်ကလေးများ ပညာသင်ကြားမှု စဉ်ဆက်မပြတ်ရေး အလေးထားကာ ဘက်ပေါင်းစုံမှ ဝိုင်းဝန်းဆောင်ရွက်သွားရန် လိုအပ်လျက်ရှိသည်။

“ပညာတတ်များ ပေါ်ကြွယ်ဝလာစေရေး၌ ကျန်းမာကြံ့ခိုင်မှုသည်လည်း အရေးကြီးသဖြင့် ပညာရည်မြှင့်တင်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို ဟန်ချက်ညီမြှင့်တင်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည်အတွက် အခြေခံကျသည့် တစ်မျိုးသားလုံးပညာရည်မြှင့်တင်ရေးလုပ်ငန်းကို နိုင်ငံတော်၏ အနာဂတ်အတွက် အချိန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး အနည်းဆုံး ၅ နှစ်မှ ၁၀ နှစ်အထိ အရှိန်အဟုန်ပြင်းပြင်းဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း” နိုင်ငံတော်အကြီးအကဲက ပြောကြားခဲ့ရာ လူငယ်လူရွယ်များ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြှင့်တင်ရေးတို့ကို နိုင်ငံ့အနာဂတ် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဟူသော ဦးတည်ချက်ဖြင့် အထိရောက်ဆုံး ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်ချက်အရ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော မြန်မာတစ်နိုင်ငံလုံးတွင် ဘာသာတွဲအလိုက် အမှတ်အများဆုံး အဆင့် ၁ မှ ၁၀ အတွင်း ရရှိခဲ့ကြသူ ကျောင်းသား ကျောင်းသူ ၃၃ ဦးတို့ကို ဇူလိုင် ၄ ရက်မှ ၈ ရက်အထိ၊ စစ်မှုထမ်းဆောင်ဆဲ/ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများမှ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၃၀ နှင့် အမှတ်အများဆုံးရရှိသော စစ်သည် ၃ ဦးတို့ကို ဇူလိုင် ၁၅ ရက်မှ ၁၉ ရက်အထိ ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သို့ ဂုဏ်ပြုချီးမြှင့် ပို့ဆောင်ပေးခဲ့သည်။ အဆိုပါခရီးစဉ်များက ထူးချွန်လူငယ်များအတွက် နိုင်ငံတကာဗဟုသုတ အသိအမြင်တို့ကို မျက်မြင်ကိုယ်တွေ့ ရရှိစေသကဲ့သို့ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူထမ်းဆောင်လိုစိတ်တို့ကို ဖြစ်ထွန်းပေါ်ပေါက်စေမည်ဖြစ်ရာ တန်ဖိုးမြင့်လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပြုထောင်ရေးတွင် ထိရောက်စွာ အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။ ။

## မူဆယ်(၁၀၅)မိုင် ကြက်ခြေနီအသင်း (၇၅)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပ

**မူဆယ် ဇူလိုင် ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ် မိုင်းယု (၁၀၅)မိုင် ကြက်ခြေနီအသင်းခွဲတွင် ဇူလိုင် ၁၉ ရက်က (၇၅)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပသည်။**(အောက်ပုံ)**

**အမှတ်တရစကားပြောကြား**

အခမ်းအနားတွင် မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင် ကြက်ခြေနီအသင်း တပ်ခွဲမှူး ဦးသန့်ဇင် ဦးဆောင်သည့် ကြက်ခြေနီ စေတနာ့လုပ်အားရှင်များက မိမိတို့ရုံးရှေ့ စစ်ရေးပြကွင်းသို့ လွမ်းသူ့ပန်းခွေများ သယ်ဆောင်ခြင်း၊ နိုင်ငံတော်အလံအား တိုင်တစ်ဝက်လွှင့်ထူပြီး အလေးပြုခြင်း၊ မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းများ ပြုလုပ်ပြီး မူဆယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအယ်လ်စိုးထန်တူးနှင့် တပ်ခွဲမှူး ဦးသန့်ဇင်တို့က အာဇာနည်နေ့ အမှတ်တရစကားများ ပြောကြားကြသည်။

**အရိုအသေပြု**

ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ၁၀၅ မိုင် နယ်မြေ မီးသတ်စခန်း မီးသတ်ယာဉ်နှစ်စီးဖြင့် ဥသြဆွဲအချက်ပေးကာ အခမ်းအနား တက်ရောက်သူများ၊ ခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်များ မီးစိမ်းပြချိန် ရပ်တန့်ငြိမ်သက်ပေးခြင်းဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများအား ဂါရဝပြုကြသည်။ **သန့်ဇင်(မူဆယ်)**



## ပြောသင့်ပါကြောင်း

❖ ကမ္ဘာအရှည် တည်သရွေ့မှာလ
အာဇာနည် သည်တစ်နေ့ကိုဖြင့်
ညီမမေ့နိုင်ဘူးအစ်ကို...တဲ့။
❖ ဘယ့်နှယ်ပြောပါလိမ့်
သဘော တူတူပါကွဲ့
ညီတူစွာ ပြည်သူအပေါင်းမှာလည်း
မဟောင်းနိုင် ရေးအဖြစ်ကိုဖြင့်
တွေးသစ်ကာ တမြင်မြင်နှင့်
ရွှေရင်နာ ကျွမ်းအသည်း
လွမ်းဆဲ ညီ့လို။
❖ အတိတ်ကဖြစ်စဉ်ကို
ညွှန်ပြဆိုထပ်လောင်း။
❖ နွားအကွဲမှာဖြင့်
ကျားဆွဲတာ သဘာဝပေမို့
ကာလသည်အခါလည်း
မညီညာလျှင် ပြည်သာဖို့ဝေးပေလိမ့်
ရင်သွေးငယ်မျိုးဆက်များကိုလ
အမှားအမှန် မခြားအမြန်သိစေဖို့
ရှိဖူးသည် အတိတ်အကြောင်းကိုဖြင့်
ပြန်ပြောင်းကာဆင်ခြင်ပါလို့
အကြင်နာ အချစ်သဘောရယ်နှင့်
ပြောသင့်ပါကြောင်း။ ။

**မြင်းမူမောင်နိုင်မိုး**

## သီပေါ၌ အာဇာနည်နေ့အထိမ်းအမှတ် နိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူ ငြိမ်သက်စွာဂါရဝပြု

**သီပေါ ဇူလိုင် ၁၉**

၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် အာဇာနည်နေ့ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများကို လွမ်းဆွတ်ဝမ်းနည်းခြင်းအနေဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် အစိုးရရုံးဌာနများ၊ ရပ်ကွက်ပြည်သူများ နေအိမ်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံအား တိုင်ဝက်လွှင့်ထူကြသည်။

အဆိုပါ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဥသြဆွဲ အချက်ပေးခြင်းနှင့်အတူ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှလည်း ဥသြဆွဲအချက်ပေးပြီး သွားလာနေသည့် မော်တော်ယာဉ်များ၊ ခေတ္တရပ် ဟွန်းတီးခြင်း၊ ဆိုင်ကယ်သမား၊ စက်ဘီးသမားနှင့် လမ်းသွားသူများအနေဖြင့် ၁ မိနစ် ငြိမ်သက်စွာ ဂါရဝပြုအမျှပေးဝေကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၉**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“PDF အမည်ခံ အကြမ်းဖက်သမားများက ပေါက်မြို့နယ် ဒေါင်းသာကျေးရွာ သာသနာ့ဝံသဘုန်းကြီးကျောင်းမှ ဆရာတော်၏ လည်ပင်းအား ဓားဖြင့် ရက်စက်စွာ ခုတ်၍ သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်း၊ လက်နက်ငယ်များဖြင့် ဖောက်ခွဲပစ်ခတ်ခဲ့သည့်အတွက် မုံရွာ – မန္တလေးကားလမ်းအတိုင်း မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးတွင် ပါလာသော အပြစ်မဲ့ပြည်သူနှစ်ဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရသည့် ဖြစ်စဉ်”** နှင့် ပတ်သက်သည့်ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ Jeng Phang နော်တောင်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။

❏ ***ရှေ့ဖုံးမှ***

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ Jeng Phang နော်တောင်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ (၇၅)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးမြင့်ကြိုင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊

***စာမျက်နှာ ၄ သို့***





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။



ဗိုလ်ချုပ်အောင်ဆန်း၏ အထိမ်းအမှတ်ဂူဗိမာန်၌ ဗိုလ်ချုပ်အောင်ဆန်း၏ မိသားစုကိုယ်စား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တိုးအောင် လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။





သခင်မြ၏ အထိမ်းအမှတ်ဂူဗိမာန်၌ သခင်မြ၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ဒီးဒုတ်ဦးဘချို၏ အထိမ်းအမှတ်ဂူဗိမာန်၌ ဒီးဒုတ်ဦးဘချို၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ဦးဘဝင်း၏ အထိမ်းအမှတ်ဂူဗိမာန်၌ ဦးဘဝင်း၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



မန်းဘခိုင်၏ အထိမ်းအမှတ်ဂူဗိမာန်၌ မန်းဘခိုင်၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ အထိမ်းအမှတ်ဂူဗိမာန်၌ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ဦးရာဇတ်၏ အထိမ်းအမှတ်ဂူဗိမာန်၌ ဦးရာဇတ်၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ဦးအုန်းမောင်၏ အထိမ်းအမှတ်ဂူဗိမာန်၌ ဦးအုန်းမောင်၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။

*စာမျက်နှာ ၃ မှ*

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တက်ရောက်လာကြသူများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေကိုချ၍ အလေးပြုကြသည်။

ယင်းအချိန်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် *စာမျက်နှာ ၅ သို့*



ရဲဘော်ကိုထွေး၏ အထိမ်းအမှတ်ဂူဗိမာန်၌ ရဲဘော်ကိုထွေး၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုကြစဉ်။



ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။





ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။





ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ၊ သံရုံးအကြီးအကဲများနှင့် သံရုံးယာယီတာဝန်ခံများက လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။

*စာမျက်နှာ ၄ မှ*

တိုင်ဝက်သို့ လျှော့ချလွှင့်ထူ၍ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြှောက်၍လည်းကောင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော် အလေးပြုခရာမှုတ်၍ လည်းကောင်း အလေးပြုကြပြီးနောက် နှစ်မိနစ်ငြိမ်သက်စွာ မေတ္တာပို့သ အမျှပေးဝေကြသည်။

ထို့နောက် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၊ ကိုယ်စားလှယ်များက အထိမ်းအမှတ် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ ဂါရဝပြုကြပြီး မေတ္တာပို့သ အမျှပေးဝေကြသည်။

**လွမ်းသူ့ပန်းခွေချ အလေးပြု**

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံရုံးယာယီတာဝန်ခံများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

**အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ**

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင် အစည်းအရုံး၊ မြန်မာနိုင်ငံ ပန်းချီ/ပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းတို့အပါအဝင် လူမှုရေးအသင်းအဖွဲ့များမှ

*စာမျက်နှာ ၆ သို့*





ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။





ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ ပြည်သူများက လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။

*စာမျက်နှာ ၅ မှ*

ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ယင်းနောက် (၇၅) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်ဂါရဝပြုကြသည့် ပြည်သူများက ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ စနစ်တကျတန်းစီ၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့အမှတ်ရသောအားဖြင့် ဂါရဝပြုကြသည်။

၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်များနှင့်အညီ ကျင်းပဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၅)နှစ်မြောက် အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)၌ နိုင်ငံတော်အလံအား တိုင်ဝက်သို့ လျှော့ချလွှင့်ထူခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၁၉**

(၇၅)နှစ်မြောက် အာဇာနည်နေ့ ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)၌ နိုင်ငံတော် အလံအား တိုင်ဝက်သို့ လျှော့ချလွှင့်ထူခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရာ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး (ယခင် အတွင်းဝန်ရုံး)၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ (၇၅) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂုဏ်ပြုတပ်ဖွဲ့များ တက်ရောက်ကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုကြပြီး နိုင်ငံတော်အလံအား တိုင်ဝက်သို့ လျှော့ချလွှင့်ထူကာ နှစ်မိနစ် ငြိမ်သက်စွာ မေတ္တာပို့အမျှပေးဝေကြသည်။



ဗိုလ်ချုပ် အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် ရန်ကုန်မြို့ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး) အတွင်းသို့ ယမန်နှစ်များက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့် အညီ ဝင်ရောက်လေ့လာခွင့်ပြုထားခြင်း မရှိခဲ့သော်လည်း ယခု ၂၀၂၂ ခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်ပြသထားသည်။

ယနေ့ ဇူလိုင် ၁၉ ရက်တွင် ဝန်ကြီးများရုံး (ယခင် အတွင်းဝန်ရုံး)၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အစည်းအဝေးခန်းမနှင့် ပါလီမန် အဆောက်အအုံနေရာတို့ကို နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ အများပြည်သူ လာရောက်လေ့လာနိုင်ရန် ယနေ့တစ်ရက်တာ အထူးဖွင့်လှစ်ပြသခဲ့သည်။ ကျန်နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ထားရှိပြီး အာဇာနည် ခေါင်းဆောင်ကြီးများ၏ အစည်းအဝေးခန်းမနှင့် ပါလီမန် အဆောက်အအုံနေရာ၊ အခြားလေ့လာစရာ သမိုင်းဝင်နေရာများကို အများပြည်သူများ ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သိရပြီး အများပြည်သူများ လာရောက်လေ့လာသည့်အခါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

(၇၅)နှစ်မြောက် အာဇာနည်နေ့ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် ဥသြဆွဲ အချက်ပေးပြီး ယာဉ်နှင့် ပြည်သူများက ရပ်တန့်ကာ ဦးညွှတ်အလေးပြုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ကုသိုလ်ပြုအမျှပေးဝေခြင်းအခမ်းအနား နေပြည်တော်၌ကျင်းပ



**နေပြည်တော်  ဇူလိုင်  ၁၉**

(၇၅) နှစ်မြောက် အာဇာနည်နေ့တွင် နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူးကုသိုလ်ပြုအမျှပေးဝေခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင်ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

### ပရိတ်တရားတော်များကို နာယူ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဧည့်ပရိသတ်များက နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များက နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

### ရေစက်သွန်းချအမျှပေးဝေ

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဗေယျံ ပါဠိတက္ကသိုလ်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှသံဝေဂကထာတရားနာယူကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

### နေ့ဆွမ်းဆက်ကပ်လှူဒါန်း

ယင်းနောက် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် အခမ်းအနားသို့ တက်ရောက်လာကြသူများက နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ၁ မိနစ် ငြိမ်သက်ဂါရဝပြုကြသည်။ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

# အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ရန်ကုန်မြို့တော်ခန်းမ၌ နေ့ဆွမ်းဆက်ကပ်

**ရန်ကုန်  ဇူလိုင်  ၁၉**

၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် အာဇာနည်နေ့တွင် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်များအား ရည်စူး၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်း ရေစက်သွန်းလောင်း အမျှပေးဝေခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**



အခမ်းအနားသို့ (၇၅) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌသာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ ရန်ကုန်မြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ ဘဒ္ဒန္တကောဝိဒ၊ မိတ္တီလာဆရာတော်ထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြကာ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တပညာဓဇ၊ ပုဇွန်တောင် ဆရာတော်ထံမှ အနုမောဒနာတရား နာယူကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည် ခေါင်းဆောင်ကြီးများအား ရည်စူး၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

**သတင်းစဉ်**

# (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာပေစကားဝိုင်း၊ ပန်းချီနှင့် ကဗျာရွတ်ပြိုင်ပွဲ၊ ဆုပေးပွဲအခမ်းအနားကျင်းပ

**မြစ်ကြီးနား  ဇူလိုင်  ၁၉**

(၇၅)နှစ်မြောက်အာဇာနည်နေ့ အထိမ်းအမှတ် စာပေစကားဝိုင်း၊ ပန်းချီနှင့်ကဗျာရွတ်ပြိုင်ပွဲ၊ ဆုပေးပွဲအခမ်းအနားကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြစ်ကြီးနားခရိုင်နှင့် ကချင်ပြည်နယ်စာကြည့်တိုက်များဖောင်ဒေးရှင်းတို့ပူးပေါင်း၍ မြစ်ကြီးနားမြို့ လူထုအခြေပြုဗဟိုဌာန၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ လူထုအခြေပြုဗဟိုဌာန ကလေးစာဖတ်ခန်း၌ ပန်းချီပြိုင်ပွဲတွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၅ ဦးနှင့် စာကြည့်တိုက်ခန်းမ၌ ကျင်းပသည့် ကဗျာရွတ်ပြိုင်ပွဲတွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် တက္ကသိုလ်အဆင့် ဗိုလ်ချုပ်ကဗျာရွတ်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မြစ်ကြီးနားတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အာဇာနည်နေ့အထိမ်းအမှတ် ပန်းချီ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဗိုလ်ချုပ်ကဗျာရွတ်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယရရှိသူများအား ဆုတံဆိပ်နှင့် အမှတ်တရလက်ဆောင်များ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ဘက်စုံသုံးခန်းမ၌ ကချင်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ စာရေးဆရာ အကြီးကိုကို(ကသာ)နှင့် စာရေးဆရာများက (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာပေစကားဝိုင်း ပြုလုပ်ကြသည်။ **(ယာပုံ)**

**ယော်ဆောင်(ပြန်/ဆက်)**



# လျှောက်သောလမ်းဖြောင့်ဖြူး၍ ပွင့်သောပန်းတိုင်း လန်းစေမည်

အမောင်(မြန်မာပြည်သား)၊ အေးကျော်(ရှုပဗေဒ)

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံသို့ ရောက်ရှိချိန်မှစ၍ အချိန် အလပ်အကြား မရှိ ဟိုမှသည်ဆီ သည်မှသည်လည်း ဟိုဆီသို့ ကူးချည်သန်းချည်ဖြင့် အလုပ်သဘောကို လုပ်အားဖြင့် သက်သေပြုရသည်။

## ချစ်ကြည်ရင်းနှီးမှု တည်ဆောက်မည့်အခြေအနေ

ရုရှားမြေသို့ ရောက်ရှိသည့် နေ့ရက်တွင်ပင် ဝေးကွာလှသည့် ခရီး၊ အချိန်များစွာ စီးနင်းခဲ့ရသည့် လေကြောင်းခရီးစဉ်တို့ကို အလေးမမူနိုင်ဘဲ တွေ့ဆုံဆွေးနွေးမှုကို စတင်သည်။ ဦးစွာ တွေ့ဆုံဆွေးနွေးသည်က ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ Mr. Dmitriev Mikhail Arkadievich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်၊ တွေ့ဆုံသည့်နေရာက ခေတ္တတည်းခိုနေထိုင်သည့် Metropol ဟိုတယ်၏ ညှိခန်းမဆောင်၊ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းဟူသော ဝိသေသအားဖြင့် အဓိပ္ပာယ်ပြည့်ဝလှသည့် ကိုယ်စားလှယ် အဖွဲ့တို့နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေးမှုမှာ လေးနက်လှသည်။ နွေးထွေးလှသည်။ အပြန်အလှန်သော ဆွေးနွေးမှုများတွင် နှစ်နိုင်ငံ၏ စီးပွားရေးဆိုင်ရာ ကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စ၊ နိုင်ငံအလိုက် ယုံကြည်ကိုးကွယ် ဆည်းကပ်သည့် ဘာသာများအလိုက် ချစ်ကြည်ရင်းနှီးမှု တည်ဆောက်မည့်အခြေအနေ၊ ထိုမှသည် ကမ္ဘာလှည့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအား အထောက်အကူပြုနိုင်မည့် အခြေအနေများပါသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှား – မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Dmitriev Mikhail Arkadievich နှင့် တွေ့ဆုံဆွေးနွေးစဉ်။

နိုင်ငံတည်ဆောက်ရေးတွင် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည့် ပညာရေးကဏ္ဍလည်းပါသည်။

## ပညာသင်များ စေလွှတ်ဆောင်ရွက်ရန် ဆွေးနွေး

ပညာရေးအရ ပူးပေါင်းဆောင်ရွက်ရေးတွင် စစ်ဘက်ပညာသင်များသာမက အရပ်ဘက်ပညာသင်များကိုပါ စေလွှတ်ဆောင်ရွက်ရန် ဆွေးနွေးသည်။ အနာဂတ် မြန်မာနိုင်ငံတော်ကြီးအား ခေတ်မီဖွံ့ဖြိုးတိုးတက်မှုအားဖြင့် တည်ဆောက်နိုင်မည့် အခြေအနေမို့ ဝမ်းမြောက်ဖွယ် သတင်းစကားဆိုလျှင် မှားမည်မထင်ပေ။ အခြားသော အရပ်ဘက် ပူးပေါင်းဆောင်ရွက်ရေးအတွက် ကဏ္ဍများအလိုက် မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများကိုလည်း ဆွေးနွေးကြသေးရာ နယ်ပယ်အားဖြင့် မနည်းလှသည်ကို သတိပြုမိသည်။ ခင်မင်ရင်းနှီးမှု၊ ပွင့်လင်းဖော်ရွေသော ပြောဆိုဆက်ဆံမှုများတွင် နှစ်နိုင်ငံကိုယ်စားလှယ်များ၏ အပြုံးများက လှပလွန်းလှသည်။ နှစ်နိုင်ငံအကြီးအကဲများ၏ ယခုကဲ့သို့ တိုင်းကျိုးပြည်ပြု ဆွေးနွေးမှုများသည် စာရေးသူတို့၏နိုင်ငံအတွက် ခေတ်မီတိုးတက်လာမည့်၊ အခွင့်အလမ်းပွင့်လန်းလာမည့်၊ မိတ်ကောင်းဆွေဖော်တိုးပွားလာမည့် အခြေအနေကောင်းများအတွက် ကြိုတင်အုတ်မြစ်ချသည့် အလားအလာကောင်းများ ဖြစ်သည့်အတွက် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုမိသည်မှာ အမှန်ပင်ဖြစ်ပါတော့သည်။

## နိုင်ငံတော်၏ အကျိုးစီးပွား တိုးတက်မြင့်မားရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၏ အမိမြန်မာနိုင်ငံတော်၏ အနာဂတ်အတွက် ရည်မျှော်သည့် ဒုတိယအကြိမ်ဆွေးနွေးမှုသည် ရုရှား-အာဆီယံ စီးပွားရေးကောင်စီ ဥက္ကဋ္ဌ Mr. Ivan Polyakov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ဖြစ်သည်။ တွေ့ဆုံဆွေးနွေးသည့် နေရာ မပြောင်းသကဲ့သို့ နိုင်ငံတော်၏ အကျိုးစီးပွားတိုးတက်မြင့်မားရေးနှင့် ပြည်သူလူထုအတွက် ရှေးရှုသည့် ဆွေးနွေးမှုမှာလည်း မပြောင်းလဲ။ မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးမွေးမြူရေးကို အခြေတည်သည့် ခေတ်မီနိုင်ငံတစ်ခုအဖို့ ဆွေးနွေးမှုများက ရလဒ်ကောင်းတွေ ထွက်လာတာ သတိပြုမိသည်။ ဆွေးနွေးခဲ့သည့်အချက်များကား စိုက်ပျိုးရေးကို အခြေခံသည့် ထုတ်ကုန်များတင်ပို့ရေး၊ ဆီထွက်သီးနှံစိုက်ပျိုးရေးအတွက် လိုအပ်သည့် နည်းပညာလိုအပ်ချက်များ ပူးပေါင်းဆောင်ရွက်ရေးတို့ပါသည်။

## လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေ

နှစ်နိုင်ငံကြား ပို့ကုန်သွင်းကုန်ကဏ္ဍများတွင် လက်ရှိဆောင်ရွက်နေမှုများမှ ပိုမိုအဆင့်မြှင့်တင်နိုင်ရေးကိုလည်း အကျယ်တဝင့် ဆွေးနွေးခဲ့ကြရုံသာမက မြန်မာနိုင်ငံအတွက် လိုအပ်ချက်ဖြစ်နေဆဲဖြစ်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကိုလည်း ဆွေးနွေးခဲ့ကြသေးသည်။ ကိုယ်စားလှယ်အဖွဲ့၏ မြန်မာနိုင်ငံအကျိုးအတွက် တွေ့ဆုံဆွေးနွေးမှုများမှာ မြန်မာအတွက် **"အား"**ပါသည်။ မြန်မာအတွက် **"ခါး"** စေမည့်အရာ တစ်ခွန်းတစ်စလေးသော်မျှမပါ။ ဤတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာတိုင်းရင်းသားများ၏ ဆီသုံးစွဲမှုများပြားခြင်းအပေါ် စိုးရိမ်စိတ်ဖြင့် ဆီသုံးစွဲမှုလျှော့ချရေး တိုက်တွန်းချက်ကို သတိပြုမိသကဲ့သို့ တိုင်းရင်းသားပြည်သူများ တောင်သူလယ်သမားများ၏ ဆီထွက်သီးနှံစိုက်ပျိုးမှုကို ပိုမိုတိုးတက်ပြီး ပြည်ပပို့ကုန်အဆင့်ဖြစ်စေရန် ကြိုးစား ဆောင်ရွက်နေမှုများတွင် စေတနာ၏ ပြယုဂ်ကို မြင်တွေ့နိုင်သည်။

*စာမျက်နှာ ၉ သို့*

❑ နှစ်နိုင်ငံကြား ပို့ကုန်သွင်းကုန်ကဏ္ဍများတွင် လက်ရှိဆောင်ရွက်နေမှုများမှ ပိုမိုအဆင့်မြှင့်တင်နိုင်ရေးကိုလည်း အကျယ်တဝင့် ဆွေးနွေးခဲ့ကြရုံသာမက မြန်မာနိုင်ငံအတွက် လိုအပ်ချက် ဖြစ်နေဆဲဖြစ်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကိုလည်း ဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှား – အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌ Mr. Ivan Polyakov နှင့် တွေ့ဆုံဆွေးနွေးစဉ်။

စာမျက်နှာ ၈ မှ

## မြန်မာနိုင်ငံ၏ စီးပွားရေး ပိုမိုဦးမော့လာတော့မည့် အနေအထား

ခေါင်းဆောင်ကောင်း၊ ခေါင်းဆောင်မှန်တို့၏ စိတ်သဘောထားကြီးမြတ်မှုကို ကွက်ကွင်းစွာ သိမြင်ခွင့်ရသည်ဆိုလျှင်လည်း မှားမည်မထင်ပေ။ အမိမြန်မာနိုင်ငံ၏ စားသောက်မှုပုံစံအရ ကြော်၊ လှော်၊ ချက်၊ ပြုတ်စားသောက်ခြင်းကို ပြုကျင့်ကြသည့်အတွက် စားသုံးဆီသည်လည်း မရှိမဖြစ်လိုအပ်သော စိုက်ပျိုးရေးထုတ်ကုန်တစ်မျိုး ဖြစ်ပေသည်။ စိုက်ပျိုးရေးကို နည်းပညာနှင့် ပေါင်းစပ်အားဖြည့် စိုက်ပျိုးခြင်းဖြင့် ကုန်ကြမ်းသာမက ကုန်ချောကိုပါ အဆင့်အတန်းမြင့်မားစွာ၊ အခြားနိုင်ငံများနည်းတူ နည်းပညာမြင့်မားစွာ ထုတ်လုပ်လာနိုင်မည်ဖြစ်သည်။ စာရေးသူတို့ နိုင်ငံအတွက် လိုအပ်မည့် လျှပ်စစ်ဓာတ်အားကဏ္ဍအပြင် ပို့ကုန်/သွင်းကုန်ကဏ္ဍများကိုပါ မူလထက် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးနေကြသည်မှာ မြန်မာနိုင်ငံ၏စီးပွားရေး ယခုလက်ရှိထက် ပိုမိုဦးမော့လာတော့မည့် အနေအထားများဖြစ်ကြောင်း ကြိုတင်တွေးမြင်နေမိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၏ တွေ့ဆုံဆွေးနွေးမှုများတွင် အမိမြန်မာနိုင်ငံတော်အတွက် ခြေတစ်လှမ်းမကသော လှုပ်ရှားကြိုးပမ်းမှုများကိုလည်း တွေ့မြင်နိုင်သေးသည်။ နျူကလီးယားစွမ်းအင်ဆိုသည်မှာ သုံးတတ်လျှင် ဆေးဖြစ်၍၊ မလိုသူတို့က အသုံးချလျှင် ဘေးဖြစ်နိုင်သည်။

## နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာအတွက် နျူကလီးယားကို ဆေးအဖြစ်အသုံးချနိုင်မည့် အခြေအနေများကို စူးစမ်းခဲ့သည်။ လေ့လာခဲ့သည်။ ယခုအလုပ်သဘောခရီးစဉ်တွင် အသေးစိတ်ဆွေးနွေးသည်။ တွေ့ဆုံဆွေးနွေးခဲ့သည့်အဖွဲ့က ရုရှားနိုင်ငံပိုင် အဏုမြူ ကော်ပိုရေးရှင်း Rosatom State Corporations ဖြစ်ပြီး အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ဆွေးနွေးခြင်းဖြစ်သည်။ နျူကလီးယားစွမ်းအင်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များတွင် နှစ်နိုင်ငံ ပြည်သူလူထုအကျိုးရှိစေနိုင်မည့် ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြု၍ သိပ္ပံနှင့်သုတေသန စမ်းသပ်ခြင်း၊ ဆေးဝါးထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုကဏ္ဍ၊ စားသောက်ကုန်ကဏ္ဍများတွင် အသုံးပြုဆောင်ရွက်နိုင်မည့် အခြေအနေများကို အကျယ်တဝင့်ဆွေးနွေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Rosatom State Corporations ၏ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev နှင့် တွေ့ဆုံဆွေးနွေးစဉ်။

နည်းပညာပိုင်းဆိုင်ရာ ဆွေးနွေးမှုများတွင် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာသိပ္ပံပညာရှင်များ၏ စိတ်ပါဝင်စားနေမှု၊ ရရှိလာမည့် အကျိုးကျေးဇူးများနှင့် ပတ်သက်သည့် ဆွေးနွေးမှုများတွင် အားရကျေနပ်မှု၊ မြန်မာအတွက် ကောင်းသတင်းများ ယူဆောင်ပေးနိုင်တော့မည်ဟူသော ယုံကြည်ချက်တို့မှာ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာသိပ္ပံပညာရှင်များ၏ မျက်နှာထက်တွင် အထင်းသားပေါ်လွင်နေသည်။

## နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ကိုယ်စားလှယ်အဖွဲ့များ၏ အပြန်အလှန်သော နားလည်မှု၊ ဆွေးနွေးမှု၊ ညှိနှိုင်းတိုင်ပင်မှုတို့ အပြီးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rosatom State Corporations တို့သည် နားလည်မှုစာချွန်လွှာတစ်ရပ်ကို အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့သည်။ အမိမြန်မာနိုင်ငံအတွက် နျူကလီးယားကို အေးချမ်းစွာ အသုံးပြုခြင်း၊ အကျိုးရှိစွာအသုံးပြုခြင်းတို့ကိုအပြင် နည်းပညာပိုင်းဆိုင်ရာ အဆင့်မြှင့်တင်ခြင်းကိုလည်း ဆွေးနွေးနိုင်ခဲ့ကြသည်မှာ အားရကျေနပ်ဖွယ်ကောင်းလှပါတော့သည်။

## လူ့စွမ်းအား အရင်းအမြစ်များ တိုးတက်စေလိုသည့်စိတ်

မျက်မှောက်ခေတ်သည် သိပ္ပံနှင့်နည်းပညာကို အခြေပြုတည်ဆောက်နေသည့် ခေတ်ဖြစ်သည်။ ကျယ်ပြောလှသည့် သိပ္ပံနှင့်နည်းပညာ အခန်းကဏ္ဍသည် မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အတွင်းမှာပင် တိုးတက်ထွန်းကားလျက်ရှိပေသည်။ မျက်ခြည်မျှင်မျှပြတ်လျှင်ပင် လိုက်မမီလောက်သည်အထိ တိုးတက်နေသည့်ကာလတွင် မိမိတို့နိုင်ငံသည်လည်း နောက်တွင်ကျန်နေခဲ့ခြင်းမှာ မဖြစ်စကောင်း။ လူမျိုးတိုင်း၊ နိုင်ငံတိုင်းအနေဖြင့် Moving Forward ဆိုသည့်အတိုင်း အတိတ်ကိုပြန်လှည့်ကြည့်နေခြင်း၊ ရပ်နေခြင်းမရှိဘဲ ရှေ့ကို ဆက်လက်လျှောက်လှမ်းနေကြခြင်းဖြစ်၍ မိမိတို့နိုင်ငံအနေဖြင့်လည်း ကျန်နေခြင်းမှာ မဖြစ်သင့်။ Moving Forward ဟူသည့်အတိုင်း အမြဲရှေ့သို့ လျှောက်လှမ်းနေရမည် ဖြစ်ပါသည်။ မိမိတို့ ဦးဆောင်နေသည့်ကာလတွင် နိုင်ငံတော်အတွင်းရှိ လူ့စွမ်းအား အရင်းအမြစ်များကို တိုးတက်စေလိုသည့်စိတ်၊ ထွန်းကားစေလိုသောဆန္ဒကို အကြီးအကဲအနေဖြင့် သတိပြုမိသည်။

## သိပ္ပံနှင့် နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး

ထို့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တစ်လှမ်းမကသော ခြေလှမ်းအတွက် State Space Corporation “Roscosmos”မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံကာ အနာဂတ် မြန်မာနိုင်ငံတော် တည်ဆောက်ရေးအတွက် အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုဖြစ်သည့် သိပ္ပံနှင့် နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကိုလည်း ဆွေးနွေးနိုင်ခဲ့သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားနိုင်ငံသမ္မတ၏ နိုင်ငံတကာအာကာသဆိုင်ရာ အထူးသံတမန်နှင့် “Roscosmos” မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နိုင်ငံတော်အားတိုးတက်မှု၊ ဖွံ့ဖြိုးမှု၊ သာယာမှုများ အပါအဝင် ပညာရေး၊ စီးပွားရေး နယ်ပယ်များ အလိုက် ဆွေးနွေးတွေ့ဆုံမှုများ၊ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးမှုများနှင့် ပြီးပြည့်စုံသည်လို့တော့ မယူဆနိုင်သေး။ ထိုထိုသော အကြောင်းခြင်းရာများ ပြီးပြည့်စုံစေရေး အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေးတို့အတွက် ကာကွယ်ရေး စွမ်းအားသည်လည်း အဓိကကျသော အခန်းကဏ္ဍတွင် ပါဝင်နေ**

စိပ်စိပ်သောခြေလှမ်း၊ သွက်လက်သော လှုပ်ရှားမှုတို့သည် ရုရှားနိုင်ငံရောက် ကိုယ်စားလှယ်အဖွဲ့၏ လှုပ်ရှားတွေ့ဆုံဆွေးနွေးမှုများက သက်သေပြုနေသည်။ နိုင်ငံတော်အား တိုးတက်မှု၊ ဖွံ့ဖြိုးမှု၊ သာယာမှုများအပါအဝင် ပညာရေး၊ စီးပွားရေးနယ်ပယ်များအလိုက် ဆွေးနွေးတွေ့ဆုံမှုများ၊ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးမှုများနှင့် ပြီးပြည့်စုံသည်လို့တော့ မယူဆနိုင်သေး။ ထိုထိုသော အကြောင်းခြင်းရာများ ပြီးပြည့်စုံစေရေး အရှိန်အဟုန်မပျက် ဆက်လက် ဆောင်ရွက်နိုင်ရေးတို့အတွက် ကာကွယ်ရေး စွမ်းအားသည်လည်း အဓိကကျသော အခန်းကဏ္ဍတွင် ပါဝင်နေသည်။ ထို့အတွက် ကာကွယ်ရေးကဏ္ဍအတွက် တွေ့ဆုံဆွေးနွေးမှုများလည်း ဆောင်ရွက်ရဦးမည်ကို အကြီးအကဲ ကောင်းစွာနားလည်သည်။

စာမျက်နှာ ၁၀ သို့

*စာမျက်နှာ ၉ မှ*

ထိုကာကွယ်ရေး ကဏ္ဍအတွက် လိုအပ်နေသော ကွက်လပ်ကို ဖြည့်ဆည်းနိုင်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergey Kuzhugetovich Shoigu နှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးရန် စီစဉ်ပြီးဖြစ်သော်လည်း ဝန်ကြီး၏ ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကြောင့် ယင်းကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမဆောင်၌ အလုပ်သဘော တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးစဉ် နှစ်ဖက်ခေါင်းဆောင်များ၏ ကျယ်ပြန့်သောအမြင်ဖြင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် စစ်ဘက်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့် နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ကဏ္ဍပေါင်းစုံတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများအား ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရှိခဲ့ရပါသည်။

ထို့ပြင် မကြာမီကာလတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ တာဝန်ယူဆောင်ရွက်မည့် ကာကွယ်ရေးစွမ်းရည်တိုးမြှင့်ရေးဆိုင်ရာ ပြိုင်ပွဲများနှင့် လေ့ကျင့်ရေး ဆောင်ရွက်မှုများတွင် မြန်မာ့တပ်မတော်မှ ပါဝင်ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဆက်လက်ပါဝင်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြသည်။ ဤအပိုင်းတွင် ယခင်နှစ်ပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့တပ်မတော်ကိုယ်စားပြုအသင်း အဖွဲ့အသီးသီးကိုလည်း ဖော်ပြလိုတာရှိသည်။ ကိုယ်ခန္ဓာအချိုးအစား ဖွဲ့စည်းပုံအရ ပါဝင်ယှဉ်ပြိုင်ရသည့် ပြိုင်ပွဲတိုင်းတွင် အခက်အခဲတော့ ရှိခဲ့ကြသည်ချည်းဖြစ်သည်။ အရိုးရှင်းဆုံးဆိုရလျှင် မနိုင်ဝန်ထမ်းရသည့် အခြေအနေဟုပင် ဆိုနိုင်လောက်သည့် အခြေအနေဖြစ်သည်။ သို့သော် မြန်မာ့တပ်မတော် ကိုယ်စားပြု ယှဉ်ပြိုင်ခဲ့သည့် အရာရှိ၊ စစ်သည်များ၏ မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ကြောင့် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံများနှင့် တာဝန်ယူ ကျင်းပခဲ့သည့် ရုရှားနိုင်ငံတို့က အလေးအနက်အထားချီးကျူးစကားဆိုခဲ့ရသည်ကို တွေ့ခဲ့ရသည်။

ယခု ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ၏ အသီးအပွင့်များသည် အချိုပေါ် သကာလောင်းသည့်နှယ် ရှိမည်ကိုလည်း အငြင်းစကား ထွက်မည်မထင်ပါ။ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဆိုသည့်အတိုင်း အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေးအတွက် အကူအညီကောင်း၊ အထောက်အပံ့ကောင်း ဖြစ်စေမည့် ဆွေးနွေးတွေ့ဆုံမှု ဖြစ်သည့်အတွက် ဝမ်းသာအားရနှင့်ကို ကြိုဆိုမိပါသည်။

*(ဆက်လက်ဖော်ပြသွားပါမည်။)*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူအကြီးအကဲများနှင့် အလုပ်သဘော တွေ့ဆုံဆွေးနွေးစဉ်။

# “မြိုင်မြိုင်ဆိုင်ဆိုင်သုံးပွင့်တစ်ခိုင်” ပဒေသာကပွဲ ဖျော်ဖြေတင်ဆက်မှု အစီအစဉ်တွင် ဂီတကဏ္ဍမှ ပါဝင်တင်ဆက်နိုင်ရန် တွေ့ဆုံဆွေးနွေး

## လာမည့်စက်တင်ဘာလတွင် ရုပ်သံလိုင်းများအားလုံးမှ တစ်ပြိုင်တည်းပြသနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ရုပ်ရှင်၊ သဘင်၊ ဂီတတို့ ပူးပေါင်းတင်ဆက်မည့် “မြိုင်မြိုင်ဆိုင်ဆိုင်သုံးပွင့်တစ်ခိုင်” ပဒေသာကပွဲ ဖျော်ဖြေရေးအစီအစဉ်တွင် ဂီတကဏ္ဍမှ ပါဝင်တင်ဆက်နိုင်ရန် တွေ့ဆုံဆွေးနွေးသည်။ (ယာပုံ)




**ထူးထူးကဲကဲ စီစဉ်တင်ဆက်**

ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လာမည့်စက်တင်ဘာလတွင် ရုပ်သံလိုင်းအားလုံးမှ တစ်ပြိုင်တည်းဖျော်ဖြေတင်ဆက်မည့် “မြိုင်မြိုင်ဆိုင်ဆိုင်သုံးပွင့်တစ်ခိုင်” အစီအစဉ်အား ပြည်သူများ စိတ်ပါဝင်စားစွာ ကြည့်ရှုနိုင်ရန်နှင့် အပန်းပြေစေရန်အတွက် ပုံမှန်တင်ဆက်ခြင်းမျိုးမဖြစ်စေဘဲ ထူးထူးကဲကဲဖြင့် စီစဉ်တင်ဆက်နိုင်ရန် လိုပါကြောင်း၊ ယင်းအစီအစဉ်တွင် ရုပ်ရှင်၊ သဘင်လောကသားများနည်းတူ ဂီတလောကသားများအနေဖြင့်လည်း စည်းစည်းလုံးလုံး၊ တက်တက်ကြွကြွဖြင့် ကျရာကဏ္ဍမှ ပါဝင်တင်ဆက်ကြစေလိုပါကြောင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) အနေဖြင့် မြန်မာမှု၊ ခေတ်ပေါ်၊ စတီရီယိုစသည်ဖြင့် တေးသီချင်းများစုံလင်စွာ ပါဝင်တင်ဆက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးရန် ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် အဖွဲ့ဝင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဂီတဆိုင်ရာဆောင်ရွက်ထား ရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) မှ တာဝန်ရှိသူများက အဆိုပါ အစီအစဉ်အောင်မြင်စွာကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ လိုအပ်ချက်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ရုပ်ရှင်၊ သဘင်၊ ဂီတတို့ ပူးပေါင်းတင်ဆက်မည့် “မြိုင်မြိုင်ဆိုင်ဆိုင်သုံးပွင့်တစ်ခိုင်” ပဒေသာကပွဲကြီးကို ပြည်သူများ အနုပညာရသများ ပြန်လည်ခံစားနိုင်စေရန်နှင့် အနုပညာလောကသားများအား စားဝတ်နေရေး ထောက်ပံ့နိုင်ရန်အတွက် လာမည့်စက်တင်ဘာလတွင် ရုပ်သံလိုင်းများအားလုံးမှ တစ်ပြိုင်တည်းပြသနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

# အာဇာနည်နေ့တွင် ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ရဟန်းရှင်လူ၊ အများပြည်သူနှင့် နိုင်ငံခြားသားများ လာရောက်လေ့လာ

ရန်ကုန် ဇူလိုင် ၁၉



**၂၀၂၂ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်သည့် (၇၅) နှစ်မြောက် အာဇာနည်နေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ရဟန်းရှင်လူ၊ အများပြည်သူ၊ နိုင်ငံခြားသားများ လာရောက်လေ့လာကြသည်ကို တွေ့ရသည်။** (ယာပုံ)

မြန်မာ့လွတ်လပ်ရေး ဖခင် ဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့သော နေအိမ်ပြတိုက်ကို ယမန်နှစ်များက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး သတ်မှတ်ချက်များကြောင့် အွန်လိုင်းမှသာ ပြသခဲ့ရာ ယခုနှစ် အာဇာနည်နေ့တွင် အထူးပြပွဲအနေဖြင့် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားပြတိုက် (ရန်ကုန်) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီသီသောင်းက "ဒီနေ့ (၇၅) နှစ်မြောက် အာဇာနည်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို အထူးပြပွဲအနေနဲ့ ခင်းကျင်းပြသထားပါတယ်။ ပြတိုက်အဝင်ဝမှာဆိုရင် ဒီနှစ်မှာ အထူးအနေနဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက မိုဘိုင်း LED ဘုတ်အကြီးနဲ့ ဗိုလ်ချုပ်မိန့်ခွန်းတွေ၊ ဗိုလ်ချုပ်နဲ့ သက်ဆိုင်တဲ့ အချက်အလက်တွေ၊ ဗိုလ်ချုပ်ဂုဏ်ပြုတဲ့ သီချင်းတွေကို ပြသထားပါတယ်။ ပြတိုက်အတက်လမ်းတစ်လျှောက်မှာ တပ်မတော်စစ်သမိုင်းပြတိုက်မှာပြသထားတဲ့ ဗိုလ်ချုပ်ရဲ့ အသုံးအဆောင်ပစ္စည်းတွေကို ဘုတ်ပြား ၁၅ ချပ်နဲ့ ပြသထားပါတယ်။ ပြတိုက်အထွက်မှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဘဝဖြစ်စဉ်၊ ငယ်ဘဝ၊ တက္ကသိုလ် ကျောင်းသားဘဝ၊ နိုင်ငံရေးဘဝဖြစ်စဉ်တွေ၊ နောက်ဆုံး တပ်မတော်ခေါင်းဆောင်ဘဝအထိကို ဘုတ်ပြား ၁၀ ချပ်နဲ့ ခင်းကျင်းပြသထားပါတယ်။ ပြတိုက်အတွင်းထဲမှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဘဝဖြစ်စဉ်တွေကို မြန်မာ/ အင်္ဂလိပ် နှစ်ဘာသာနဲ့ အသစ်ပြန်လည် ခင်းကျင်းပြသထားပါတယ်။ ဧည့်ခန်းမှာဆိုရင် ၁၉၆၄-၆၅ ခုက ပန်းချီဆရာကြီး ဦးငွေကိုင် ရေးဆွဲထားတဲ့ ရှားပါးတဲ့လက်ရာ၊ အိမ်နောက်ဖေးမှာ ဈေးဆိုင်တည်ဆိုတဲ့ ပန်းချီကားကိုလည်း ပြသထားပါတယ်။ အပေါ်ထပ် ဗိုလ်ချုပ် ဇနီးမောင်နှံ အိပ်ခန်းမှာ ဗိုလ်ချုပ်ရဲ့ ရှားပါး ဓာတ်ပုံတွေ၊ စျာပနအခမ်းအနား ပုံတွေကို ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုပြီး Hologram နဲ့ ခင်းကျင်း ပြသထားပါတယ်။ စာမျက်နှာ ၆၀၀ ကျော်ရှိတဲ့ ဗိုလ်ချုပ် မိန့်ခွန်းပေါင်းချုပ်၊ လက်ရေးမူ၊ ဗိုလ်ချုပ်ပုံပါတဲ့ ငွေစက္ကူ၊ အကြွေစေ့၊ တံဆိပ်ခေါင်း၊ ဗိုလ်ချုပ် သမိုင်းကြောင်းဆိုင်ရာ မြန်မာ/အင်္ဂလိပ် နှစ်ဘာသာ အပြည့်အစုံတို့ကို ၃၂ လက်မ Touch Screen နဲ့ အများပြည်သူ လာရောက် လေ့လာနိုင်အောင် ပြသထားပါတယ်"ဟု ပြောသည်။

"ဗိုလ်ချုပ်ပြတိုက်ကို လာရောက် လေ့လာသူတွေကို သောက်ရေသန့်၊ နှာခေါင်းစည်းတွေ ပေးဝေပါတယ်။ ကျန်းမာရေး စောင့်ရှောက်မှု အနေနဲ့လည်း မြို့နယ် ကျန်းမာရေးအဖွဲ့၊ မြို့တော်စည်ပင်သာယာ ကျန်းမာရေးအဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့တွေ အပြည့်အစုံရှိပါတယ်။ ပြည်သူ့လုံခြုံရေးအတွက်လည်း ပြည့်ပြည့်စုံစုံနဲ့ လာရောက်ကြည့်ရှုသူတွေ အဆင်ပြေအောင် ပြတိုက်တာဝန်ရှိသူတွေနဲ့ ဌာနဆိုင်ရာတွေ ဝိုင်းဝန်းကူညီပြီး ဆောင်ရွက်ထားပါတယ်။ ဒီနေ့က အထူးပြပွဲအနေနဲ့ ပြတာပါ။ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို ပုံမှန်အင်္ဂါနေ့မှ တနင်္ဂနွေနေ့အထိ နေ့စဉ် နံနက် ၉ နာရီခွဲကနေ ညနေ ၄ နာရီအထိ ဖွင့်လှစ်ပြသပါတယ်။ တနင်္လာနေ့နဲ့ အစိုးရရုံးပိတ်ရက်တွေဆို ပြတိုက်ပိတ်ပါတယ်" ဟု ဒေါ်သီသီသောင်းက ဆက်လက်ပြောသည်။

ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်ကို လာရောက်လေ့လာသူ ဗိုလ်တထောင် မြို့နယ်မှ ဒေါ်သန်းသန်းထွေးက "ဗိုလ်ချုပ်တို့ကို အမြဲတမ်း အမှတ်ရပါတယ်။ ဒီနေ့မှာဆို ပိုပြီးအမှတ်ရတယ်။ ခုလည်း သတိရလို့မျက်ရည်ကျမိပါတယ်။ ကိုယ့်မိဘလိုပဲ ခံစားရပါတယ်။ တာဝန်ရှိသူတွေက စိတ်ရှည်ရှည်နဲ့ရှင်းပြတဲ့အတွက် ပြည့်ပြည့်စုံစုံ လေ့လာခဲ့ရပါတယ်။ ဗိုလ်ချုပ်ရဲ့ မိသားစုဝင်တွေ အကြောင်းကို အပြည့်အစုံလည်း သိခဲ့ရပါတယ်။ ဗိုလ်ချုပ်တို့ကို အမှတ်ရပြီးတော့ ဗိုလ်ချုပ်တို့လို နိုင်ငံနဲ့လူမျိုးအတွက် အားလုံး မျိုးချစ်စိတ်ဓာတ်တွေ ရှင်သန်နိုင်ကြပါစေလို့ ဆုတောင်းပါတယ်"ဟု ပြောသည်။

"ဒီလိုနေ့မျိုးမှာ နိုင်ငံ့ခေါင်းဆောင်တွေ ကျဆုံးသွားတာကို သတိရဝမ်းနည်းမိပါတယ်။ ပြတိုက်ကို လေ့လာရတာ ဗဟုသုတလည်းရပါတယ်။ ဗိုလ်ချုပ်သုံးခဲ့တဲ့ အသုံးအဆောင်ပစ္စည်းတွေ၊ မိသားစုဝင်အကြောင်းတွေ၊ ဗိုလ်ချုပ်နဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို အစုံအလင် ခင်းကျင်းပြသထားတာ တွေ့ရပါတယ်။ မရောက်ဖူးသေးတဲ့သူတွေကိုလည်း လာလေ့လာစေချင်ပါတယ်။ ဗဟုသုတရစေချင်ပါတယ်" ဟု မင်္ဂလာဒုံမြို့နယ်မှ လာရောက်လေ့လာသူ မောင်ပြည့်ဖြိုး က ပြောသည်။

ယနေ့ (၇၅) နှစ်မြောက် အာဇာနည်နေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူ နိုင်ငံခြားသား လေးဦးအပါအဝင် စုစုပေါင်း ၅၃၄ ဦး ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# (၇၅) နှစ်မြောက် အာဇာနည်နေ့ ဗိုလ်ချုပ်ကြေးရုပ်သို့ ပြည်သူများ လာရောက်ဂါရဝပြု

**ရန်ကုန် ဇူလိုင် ၁၉**

ယနေ့ကျရောက်သည့် (၇၅) နှစ်မြောက် အာဇာနည်နေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်း၊ ဗိုလ်ချုပ်ပန်းခြံရှိ ဗိုလ်ချုပ်ကြေးရုပ်သို့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား လွမ်းဆွတ်တသမှုဖြင့် အများပြည်သူနှင့် လူမှုရေးအသင်းအဖွဲ့များ လာရောက်ဂါရဝပြုခဲ့ကြသည်။



ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်သို့ ပြည်သူများ တစ်ဖွဲ့ပြီးတစ်ဖွဲ့လာရောက် ဂါရဝပြုလျက်ရှိရာ အသက် ၈၉ နှစ်ရှိ တပ်မတော်အငြိမ်းစား အဘစိုးညွန့်က " ဗိုလ်ချုပ်ကျဆုံးချိန်မှာ အဘကအသက် ၁၄ နှစ်ကျော်ပြီ။ ဒါနဲ့တပ်ထဲဝင်ခဲ့တယ်။ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်များကို အာဇာနည်နေ့တိုင်း အဘလာပြီး ဂါရဝပြုတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ တပ်မတော်ရဲ့ဖခင်၊ ဗိုလ်ချုပ်နေဝင်းဟာ တပ်မတော်ရဲ့မိခင်ဆိုပြီး အဘ ခံယူထားတယ်။ အခုလိုနှစ်စဉ် အာဇာနည်နေ့မှာ အာဇာနည်ခေါင်းဆောင်များကို ဂါရဝပြုရတာကို ဂုဏ်လည်းယူတယ်" ဟု ပြောကြားသည်။

နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ကျဆုံးလေပြီးသော အာဇာနည်ကိုးဦးအား လွမ်းဆွတ်တသ အမှတ်ရမှုဖြင့် သွားလာနေကြသော ယာဉ်နှင့် ပြည်သူများရပ်တန့်ကြပြီး ဥဩဆွဲ၍ ပြည်သူများက ဦးညွှတ်အလေးပြုကြကာ နိုင်ငံတစ်ဝန်း၌ အလံများကို တိုင်တစ်ဝက် လွှင့်ထူခဲ့ကြသည်။

ယနေ့ (၇၅) နှစ်မြောက် အာဇာနည်နေ့တွင် အများပြည်သူတို့သည် ရွှေတိဂုံစေတီတော်မြတ် အရှေ့ဘက်မုခ်မှ ဗဟန်းမြို့နယ် နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက် လမ်းဆုံတွင် ကျန်းမာရေးစစ်ဆေးမှုခံယူ၍ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့သော ဗိုလ်ချုပ်နေအိမ်ကို ကြည့်ရှုလေ့လာပြီး နတ်မောက်လမ်း ဗိုလ်ချုပ်ပန်းခြံရှိ ဗိုလ်ချုပ်ကြေးရုပ်တွင် ပြည်သူများက ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်များကို ရည်မှန်းလျက် အလေးအမြတ် ဦးညွှတ်ဂါရဝပြုခဲ့ကြသည်။

ရန်ကုန်မြို့ ကန်တော်ကြီး မြောက်ဘက် နတ်မောက်လမ်းရှိ ဗိုလ်ချုပ်အောင်ဆန်း ပန်းခြံအား တစ်ချိန်က အိန္ဒိယဘုရင်ခံချုပ် လော့ဒါလဟိုဇီ ကို ဂုဏ်ပြု၍ ဒါလဟိုဇီပန်းခြံ ဟု ခေါ်တွင်ခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံဟု ပြောင်းလဲခေါ်ဆိုခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်း ရုပ်တုထားရှိရန် ရှမ်းပြည်နယ် တောင်ကြီးမြို့မှ ပန်းချီ၊ ပန်းပုပညာရှင် ဦးစံဖေ ထုဆစ်သော ပုံစံငယ်ရုပ်တုကို ၁၉၅၅-ခုနှစ်တွင် လန်ဒန်မြို့ အနုပညာသိပ္ပံကျောင်းမှ ကျောင်းအုပ်ဖြစ်သူ အင်္ဂလန်နိုင်ငံသား ကြေးသွန်းပညာရှင် မစ္စတာ ကော့ပနယ် (Bainbridge Copnell) က ဗိုလ်ချုပ်ကြေးရုပ်ကို သွန်းလောင်းခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုသည် အမြင့် ၈ ပေ ၄ လက်မ ရှိပြီး ရုပ်တုအောက် ကမ္ပည်းစာသားကို ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ဝန်ကြီးချုပ်ဦးနု၊ ဦးသန့်နှင့် ဗိုလ်မှူးကြီး ဘရှင်တို့က စိစစ်ရွေးချယ်ခဲ့ကြသည်။

ဗိုလ်ချုပ်ကြေးရုပ်တု အောက်ခံခုံအရှေ့ဘက်တွင် "ပြည်ထောင်စု၏ ရှေ့ဆောင်လမ်းပြကြီး ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ ၁၂၇၆-ခု တပေါင်းလဆန်း ၁ ရက်၊ ကျဆုံးနေ့ ၁၃၀၉-ခု ဝါခေါင်လဆန်း ၂ ရက်" ဟု ရေးထိုးထားပြီး အောက်ခံခုံအနောက်ဘက်၌ "တတိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတမျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကောင်း သိနိုင်တယ်"ဟု ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကို ရေးထိုးထားသည်။

အဆိုပါ ဗိုလ်ချုပ်ကြေးရုပ်တု ဖွင့်ပွဲကို ၁၉၅၅-ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက် ဗိုလ်ချုပ်အနှစ် ၄၀ ပြည့် မွေးနေ့တွင် ဖွင့်လှစ်ခဲ့သည်။

**ညိမ်းသူ (သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး**

# တောင်တွင်းကြီးမြို့နယ်၌ အာဇာနည်နေ့အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်

**တောင်တွင်းကြီး ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက (၇၅) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် မြို့နယ်အဆင့်ပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ Grade (5) ကျောင်းသူ မသွန်းရတီဇော်လင်းက ပြန်လည်သရုပ်ပြရွတ်ဆိုပြသပြီး စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုများရရှိကြသည့် ကျောင်းသား၊ ကျောင်းသူ ၂၀ တို့ကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

* *ကျောဖုံးမှ*

ကြေညာချက်အပြည့်အစုံမှာ -

**ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှု မရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျ လက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား/ ကျောင်းသူများ၊ လူငယ်လူရွယ်များတို့သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများသို့ စာရင်းသွင်း ပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့် လုပ်ရပ်များတွင် ပါဝင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း/ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံ အကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင် တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏ နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင် ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် စစ်သည်များပါဝင်သော မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များ စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံလေ့လာရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၁၉

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် တပ်မတော်အနေဖြင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍမြှင့်တင်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် တပ်မတော်သားများနှင့် တပ်မတော်သား မိသားစုဝင်များ ပညာရည်မြှင့်တင်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိရာ မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များကို နိုင်ငံတကာဗဟုသုတတိုးပွားစေရန်၊ နိုင်ငံတကာယဉ်ကျေးမှုနှင့် အသိပညာများလေ့လာ သိရှိနိုင်စေရန်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုဖြင့် စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ လေ့လာရေး ခရီးစဉ်သွားရောက်ခဲ့သော ကျောင်းသား ကျောင်းသူများနှင့် စစ်သည်များပါဝင်သော မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များ လေ့လာရေးအဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေနှင့် တပ်မတော် အရာရှိကြီးများ၊ ထူးချွန် ကျောင်းသား ကျောင်းသူများ၏ မိဘဆွေမျိုးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။



ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် စစ်သည်များပါဝင်သော မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များ အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။





လေ့လာရေးအဖွဲ့သည် ဇူလိုင် ၁၅ ရက်မှ ၁၆ ရက်အထိ စင်ကာပူနိုင်ငံရှိ Garden by the Bay ဥယျာဉ်တွင် လေ့လာခြင်း၊ Merlion ပန်းခြံတွင် လည်ပတ်ခြင်းနှင့် စင်ကာပူနိုင်ငံ၏ အထင်ကရနေရာ Merlion ရုပ်တုကြီးဖြင့် မှတ်တမ်းတင်ခြင်း၊ မြေအောက်ရထားစီး၍ လည်ပတ်ခြင်း၊ စင်ကာပူအမျိုးသားတက္ကသိုလ်သို့ သွားရောက် လေ့လာခြင်း၊ NayangTechnological University(NTU) သို့ လေ့လာခြင်း၊ Science Center သို့ လည်ပတ်ခြင်း၊ See Aquarium သို့ လေ့လာခြင်း၊ Vivo City တွင် ဈေးဝယ်ခြင်းနှင့် Assumption University သို့ လေ့လာခဲ့ကြသည်။ (ဝဲပုံ)

ထို့နောက် ဇူလိုင် ၁၇ ရက်မှ ၁၉ ရက်ထိ ထိုင်းနိုင်ငံ ဘန်ကောက်ရှိ မြဘုရားအား သွားရောက်ဖူးမြော်ခြင်း၊ ငါးပြတိုက်သို့ လေ့လာခြင်း၊ Madame Tussauds သို့ လေ့လာရေး သွားရောက်ခြင်း၊ ကျောက်ဖရားမြစ် River City မှ ရေးဟောင်းသမိုင်းဝင် အရုဏ်ဦးဘုရားဆီသို့ ဘန်ကောက်မြို့ အလှရှုခင်းများအားလှေစီး၍ လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များ လေ့လာရေးအဖွဲ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ရေးချုပ်ရုံးမှ ဗိုလ်မှူးကြီး တင်ဇော်လတ် ဦးဆောင်၍ စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများမှ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၃၀၊ အမှတ်အများဆုံး ရရှိသော စစ်သည် သုံးဦး၊ အောင်ချက်အကောင်းဆုံးဆုရ ကျောင်းအုပ်နှစ်ဦး၊ အုပ်ချုပ်မှုအဖွဲ့ဝင်သုံးဦး စုစုပေါင်း ၃၈ ဦး လိုက်ပါခဲ့ကြပြီး ဇူလိုင် ၁၅ ရက်မှ ၁၉ ရက်ထိ လေ့လာ လည်ပတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပဲခူးမြို့ စိမ်းလန်းစိုပြည်ရေး လမ်းဘေးဝဲယာတစ်လျှောက် အရိပ်ရသစ်ပင်များ စိုက်ပျိုး

ပဲခူး ဇူလိုင် ၁၉

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့၊ ရွာ၊ ရပ်ကွက် စိမ်းလန်းစိုပြည်ရေး အရိပ်ရသစ်ပင်များ စိုက်ပျိုးခြင်းနှင့် သန့်ရှင်းသာယာ လှပစေရေး အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက ပဲခူးမြို့ သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်သော မြို့တော်တစ်ခုဖြစ်ပေါ်လာစေရေးအတွက် ပဲခူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်လတ် ကြီးကြပ်ကွပ်ကဲ၍ ပဲခူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့ပေါ် (၃၁) ရပ်ကွက်ရှိ ဒေသခံပြည်သူလူထုများ ပူးပေါင်းပြီး ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ ဂဝံလမ်းများ ဘေးဝဲယာတစ်လျှောက် အရိပ်ရသစ်ပင်များဖြစ်သည့် စိန်ပန်းပင် ၉၂၃ ပင်၊ ငုဝါပင် ၇၂၉ ပင်၊ သပြေဘူတပင် ၄၁၆ ပင် စုစုပေါင်း ၂၁၅၉ ပင် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။



ခရိုင် (ပြန်/ဆက်)

# သီရိလင်္ကာ၌ ဒူးလပ်စ်အလာပီရူမာနှင့် အနူရာကူမာရာ ဒစ်ဆာနေရာကီတိုတို့ကိုသမ္မတလောင်း အမည်စာရင်း တင်သွင်း



သီရိလင်္ကာယာယီသမ္မတ ရာနေးလ် ဝစ်ကရမ်ဆင်း

ကိုလံဘို ဇူလိုင် ၁၉

**သီရိလင်္ကာ ယာယီသမ္မတ ရာနေးလ် ဝစ်ကရမ်ဆင်းသည် Sri Lanka Podujana Peramuna (အက်စ်အယ်ပီပီ)ပါတီမှ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ဝင် ဒူးလပ်စ် အလာပီရူမာနှင့် အမျိုးသားပြည်သူ့အင်အားပါတီ (အင်န်ပီပီ) ခေါင်းဆောင် အနူရာကူမာရာ ဒစ်ဆာနေရာကီတိုကို သမ္မတရာထူးအတွက် လွှတ်တော်တွင် အင်္ဂါနေ့က အမည်စာရင်း တင်သွင်းခဲ့ကြောင်းသိရသည်။**

လွှတ်တော်အမတ်များသည် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် အစည်းအဝေးပြုလုပ်ပြီး သီရိလင်္ကာနိုင်ငံအတွက် သမ္မတသစ်ကို ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။ ဇူလိုင် ၁၉ ရက် အစောပိုင်းတွင် အတိုက်အခံခေါင်းဆောင် ဆာဂျစ် ပါရီမာ ဒါဆာသည် သမ္မတရာထူးအတွက် ဝင်ရောက်အရွေးချယ်ခံမည်ဟု ပြောကြားထားသော်လည်း နောက်ပိုင်းတွင် ၎င်း၏သမ္မတလောင်း အမည်စာရင်း တင်သွင်းခြင်းကို ရုပ်သိမ်းကြောင်း ကြေညာခဲ့သည်။

၎င်းက အက်စ်ဂျေဘီပါတီအနေဖြင့် သီရိလင်္ကာသမ္မတသစ်အတွက် အက်စ်အယ်ပီပီပါတီမှ အနူရာကူမာရာ ဒစ်ဆာနေရာကီတိုကို မဲပေးထောက်ခံသွားမည်ဖြစ်ကြောင်း ပြောသည်။

နိုင်ငံတွင်း ပြင်းထန်သော စီးပွားရေးကျပ်တည်းမှုကြောင့် ဆန္ဒပြမှုများ အကြီးအကျယ်ဖြစ်ပေါ်နေချိန်တွင် ဂိုတာဘာယာ ရာဂျာပက်ဆာက ပြီးခဲ့သည့် သီတင်းပတ်တွင် သမ္မတရာထူးမှ နုတ်ထွက်ပြီး နောက် လွှတ်တော်ဥက္ကဋ္ဌ မာဟင်ဒါ ယာပါအဘီဝါဒီနာသည် ဝန်ကြီးချုပ် ဝစ်ကရမ်ဆင်းကို ယာယီသမ္မတအဖြစ် ခန့်အပ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ဆင်ဟွာ




## ဩစတြေးလျနှင့် နယူးဇီလန်တို့သို့ မလေးရှားလေကြောင်းလိုင်း ပြန်လည်ပြေးဆွဲမည်

**ဆစ်ဒနီ ဇူလိုင် ၁၉**

မလေးရှား အဲအေးရှားလေကြောင်းလိုင်းသည် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားပြီးနောက် ယခုနှစ်နှောင်းပိုင်းတွင် ဩစတြေးလျမြို့တော်များနှင့် နယူးဇီလန်တို့သို့ ပြန်လည်ပြေးဆွဲတော့မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

အဲအေးရှားလေကြောင်းလိုင်းသည် နိုဝင်ဘာ ၁ ရက်မှစတင်ကာ မလေးရှားနိုင်ငံ မြို့တော်ကွာလာလမ်ပူမှ ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့နှင့် နယူးဇီလန်နိုင်ငံ ပေါ့သ်မြို့တို့သို့ ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။ ကွာလာလမ်ပူမှ ဆစ်ဒနီသို့ ပျံသန်းပြေးဆွဲနေပြီဖြစ်သော အဆိုပါ လေကြောင်းလိုင်းသည် နိုဝင်ဘာလမှစတင်ကာ နယူးဇီလန်မြို့တော်မှ အော့ကလန်သို့ ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

မြို့တော်တစ်ခုစီသို့ တစ်ပတ်လျှင်သုံးကြိမ် ပျံသန်းပြေးဆွဲမည်ဖြစ်ပြီး ၂၀၂၃ ခုနှစ် အစောပိုင်းတွင် တိုးချဲ့ပျံသန်းပြေးဆွဲသွားဖွယ်ရှိကြောင်း သိရသည်။ မဲလ်ဘုန်းလေဆိပ်သို့ ပြန်လည်ပြေးဆွဲမှုသည် လေးနှစ်နီးပါး အကြာတွင် ပထမဆုံးအကြိမ် ပျံသန်းပြေးဆွဲမှုဖြစ်လာမည် ဖြစ်သည်။

ဆင်ဟွာ

## အင်ဒိုနီးရှားနိုင်ငံ၌ ကူးစက်မြန် မျိုးရိုးဗီဇပြောင်း အိုမီခရွန်မျိုးကွဲ BA.2.75 ကူးစက်မှုတွေ့ရှိ

**ဂျကာတာ ဇူလိုင် ၁၉**

အင်ဒိုနီးရှားနိုင်ငံ၌ အလွန်ကူးစက်မြန်သော မျိုးရိုးဗီဇပြောင်း အိုမီခရွန်မျိုးကွဲ BA.2.75 ကူးစက်မှုတွေ့ရှိကြောင်း ကျန်းမာရေးဝန်ကြီး ဘူဒီဂူနာဒီ ဆာဒီကင်က ပြောသည်။

ကူးစက်ခံရသူတစ်ဦးသည် ဘာလီတွင်ဖြစ်ပြီး ပြည်ပပြန်ဖြစ်ကြောင်း၊ အခြားနှစ်ဦးမှာ ဂျကာတာတွင်ဖြစ်ပြီး ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း၊ ကူးစက်မှုဖြစ်ပွားရခြင်း၏ ရင်းမြစ်ကို စုံစမ်းနေဆဲဖြစ်ကြောင်း ဆာဒီကင်က တနင်္လာနေ့က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။ အဆိုပါကူးစက်မြန် အိုမီခရွန်မျိုးကွဲ BA.2.75 သည် မေလတွင် အိန္ဒိယနိုင်ငံ၌ စတင်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ဗြိတိန်၊ အမေရိကန်၊ ဩစတြေးလျ၊ ဂျာမနီနှင့် ကနေဒါနိုင်ငံတို့အပါအဝင် ၁၅ နိုင်ငံထက်မနည်း ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း ၎င်းက ဆက်ပြောသည်။

အင်ဒိုနီးရှားနိုင်ငံသည် လက်ရှိတွင် တစ်နေ့လျှင် ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၃၀၀၀ ကျော်ရှိကြောင်း သိရသည်။ ဆင်ဟွာ

## အပူလျှပ်ခြင်းမှ ကာကွယ်ပေးနိုင်သော နောက်ဆုံးပေါ်ဝတ်ဆင်နိုင်သည့် ကိရိယာကို ဂျပန်တီထွင်

**တိုကျို ဇူလိုင် ၁၉**

ကမ္ဘာ့နေရာ အနှံ့အပြားတွင် အပူချိန် မြင့်တက်လာသည်နှင့် အမျှ ဂျပန်နိုင်ငံရှိ ကုမ္ပဏီများသည် လုပ်ငန်းခွင်အတွင်း အပူလျှပ်ခြင်းမှကာကွယ်ပေးနိုင်သော နောက်ဆုံးပေါ်ဝတ်ဆင်နိုင်သည့် ကိရိယာကို တီထွင်လိုက်ပြီ ဖြစ်သည်။ အများအားဖြင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များနှင့် အခြားနေရာများတွင် အလုပ်သမားများ ဘေးကင်းစေရန်အတွက် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

အဓိက အီလက်ထရွန်နစ်ပစ္စည်းများ ထုတ်လုပ်သော ကျိုစဲရာကုမ္ပဏီသည် နားတွင် တပ်ဆင်ရသော ကိရိယာအမျိုးအစားကို တီထွင်ထုတ်လုပ်လိုက်ခြင်း ဖြစ်သည်။ ၎င်းကိရိယာသည် နားမှတစ်ဆင့် ဝတ်ဆင်သူ၏ နှလုံးခုန်နှုန်းနှင့် သွေးတွင်းအောက်ဆီဂျင် ပမာဏကို စောင့်ကြည့်ပေးကြောင်း သိရသည်။




အဆိုပါ ကိရိယာသည် ဆူညံသော ပတ်ဝန်းကျင်တွင် စကားပြောဆိုရာ၌ ပိုမိုလွယ်ကူစေရန်အတွက် အရိုး၏တုန်ခါမှုမှတစ်ဆင့် အသံလှိုင်းများကို နားအတွင်းသို့ရောက်အောင် တိုက်ရိုက်ပို့ဆောင်နိုင်သော နည်းပညာကိုလည်း အသုံးပြုထားကြောင်း သိရသည်။

အဆိုပါ ကိရိယာသည် လူများအား အနားယူရန်နှင့် ရေဓာတ်ပြန်လည်ဖြည့်တင်းရန် သတိပေးမှုပြုလုပ်နိုင်ခြင်းအားဖြင့် လုပ်ငန်းခွင် မတော်တဆဖြစ်မှုကို အထောက်အကူ ပြုနိုင်ကြောင်း၊ ပုံမှန်ထက် ထူးခြားသောအရာများကို တွေ့ရှိလျှင်လည်း အလုပ်သမားများထံ တိတိကျကျ သတင်းပေးပို့နိုင်ကြောင်း ကျိုစဲရာတီထွင် ထုတ်လုပ်ရေး အဖွဲ့ခေါင်းဆောင်ဖြစ်သူ အိုဝါဒါ ယာရှူဟီနိုက ပြောကြားသည်။

သတိပေးလက္ခဏာများ တွေ့ရှိပါက အဆိုပါကိရိယာသည် စက်ရုပ်သတိပေးမှုနှင့် တုန်ခါမှုမှတစ်ဆင့် ဝတ်ဆင်သူအား အနားယူရန် အကြံပြုကြောင်း၊ နားနေချိန် လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်ရန် အန္တရာယ်ကင်းသည့်အချိန်ကိုလည်း ပိုင်းခြားစိတ်ဖြာနိုင်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## စပိန်နိုင်ငံ၌ အပူလှိုင်းနှင့်ဆက်စပ်သော ဖြစ်စဉ်ကြောင့် သေဆုံးသူ ၅၁၀ အထိ ရှိလာ

**မက်ဒရစ် ဇူလိုင် ၁၉**

စပိန်နိုင်ငံ နေရာအချို့တွင် အပူချိန် ၄၅ ဒီဂရီဆဲလ်စီးယပ်စ်ထိ ရောက်ရှိလာပြီး အပူလှိုင်းဖြတ်မှု အပါအဝင် ပထမသီတင်းပတ်အတွင်း အပူလှိုင်းနှင့်ဆက်စပ်သော ဖြစ်စဉ်များကြောင့် သေဆုံးသူ ၅၁၀ အထိ ရှိလာကြောင်း တနင်္လာနေ့တွင် ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

အဆိုပါ သေဆုံးသူများသည် ဇူလိုင် ၁၀ ရက်မှ ၁၆ ရက်အတွင်း ဖြစ်ကြောင်း စပိန်ကျန်းမာရေးဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြသည့် ကားလို့စ်ကျန်းမာရေးအဖွဲ့အစည်း (ISCIII) က ပြောသည်။ စပိန်နိုင်ငံတွင် အပူချိန်မြင့်တက်လာသည်နှင့်အမျှ အပူလှိုင်းနှင့်ဆက်စပ်သော သေဆုံးသူအရေအတွက်လည်း တိုးလာကြောင်း သိရသည်။

ထို့ပြင် ဇူလိုင် ၁၀ ရက်မှ ၁၃ ရက်အထိ လေးရက်အတွင်း သေဆုံးသူ ၁၅ ဦး မှ ၆၀ အထိ လေးဆတိုးလာကြောင်း သိရသည်။ အဆိုပါ အပူလှိုင်းသည် အသက်အကြီးပိုင်းများကိုအများဆုံး ထိခိုက်သေဆုံးမှု ဖြစ်ပွားစေပြီး သေဆုံးသူ ၅၁၀ တွင် အသက် ၈၅ နှစ်နှင့်အထက်ရှိသော သေဆုံးသူ ၃၂၀ ဦး ပါဝင်ကြောင်း၊ အသက် ၇၅ နှင့် ၈၄ နှစ်ကြားတွင် ၁၂၀ ဦး ပါဝင်ကြောင်းနှင့် ၆၅ နှင့် ၇၄ နှစ်ကြားတွင် ၄၄ ဦး ပါဝင်ကြောင်း သိရသည်။



အပူဒဏ်ကာကွယ်နိုင်ရန်အတွက် မာယကာရှိ ပယ်မာနိုဗာကမ်းခြေတွင် ပြည်သူများ အပန်းဖြေကြစဉ်။

စပိန်နိုင်ငံ၌ အဆိုပါ အပူလှိုင်းဖြတ်မှုသည် ယခုနှစ်တွင် ဒုတိယအကြိမ်မြောက် အပြင်းထန်ဆုံး အပူလှိုင်းဖြတ်မှုဖြစ်ပြီး ပထမအကြိမ် အပူလှိုင်းဖြတ်မှုသည် ဇွန် ၁၁ ရက်မှ ဇွန် ၁၇ ရက်အထိ ကြာမြင့်ကာ နိုင်ငံတစ်ဝန်း သေဆုံးသူ ၈၂၉ ဦးအထိ ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ

# တစ်ကျော့ပြန်ခေါင်းထောင်လာတဲ့ ကိုဗစ်-၁၉ မျိုးကွဲကြောင့် လာမယ့်ဆောင်းဦးရာသီနဲ့ ဆောင်းရာသီမှာ ကိုဗစ်-၁၉ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ရဦးမယ့် ဥရောပဒေသ

လင်းဟန်သစ်

ဥရောပဒေသမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ တစ်ကျော့ပြန် လျင်လျင်မြန်မြန် မြင့်တက်လာချိန်ဟာ ကံမကောင်းစွာနဲ့ဘဲ မကြာမီမှာ ရောက်ရှိလာတော့မယ့် ဆောင်းဦးရာသီနဲ့ ဆောင်းရာသီကာလတွေနဲ့ တိုက်ဆိုင်နေပါတယ်။ အဲလိုအချိန်မှာ ဥရောပဒေသဟာ ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ဘေးဒုက္ခတွေနဲ့သာမက စိန်ခေါ်မှုတွေနဲ့ပါ ထပ်မံရင်ဆိုင်ရနိုင်တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဥရောပဌာနေရုံးက ခန့်မှန်းထားပါတယ်။

**တစ်ကမ္ဘာလုံးရဲ့ ထက်ဝက်နီးပါးရှိ**

လွန်ခဲ့တဲ့သီတင်းပတ်က ဥရောပဒေသမှာ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ သုံးသန်းနီးပါးရှိလာခဲ့ပါတယ်။ ဒီပမာဏဟာ ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက်ရဲ့ ထက်ဝက်နီးပါးရှိတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

ဒီအခြေအနေဟာ လွန်ခဲ့တဲ့နွေရာသီမှာဖြစ်ပွားခဲ့တဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအခြေအနေနဲ့ တစ်ထေရာတည်း၊ တစ်ပုံစံတည်းလိုဖြစ်နေပါတယ်။ ဒီတစ်ခါ ကိုဗစ်-၁၉ ကူးစက်ဖြစ် ပွားမှု မြင့်တက်လာရတာကတော့ အိုမီခရွန်ကြောင့်မဟုတ်ဘဲ သူ့ရဲ့ မျိုးကွဲတွေဖြစ်တဲ့ BA.2 နဲ့ BA.5 မျိုးကွဲတွေကြောင့်ဖြစ်ပါတယ်။

**ပိုမိုကူးစက်မြန်**

ဒီ ကိုဗစ်-၁၉ မျိုးကွဲတွေဟာ အရင်ကတွေ့ရှိခဲ့တဲ့ ကိုဗစ်-၁၉ ဗိုင်းရပ်စ်တွေထက် ပိုမိုကူးစက်မြန်တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေညွှန်ကြားရေးမှူး ဟန်းစ်ကလေ့ဂ္ဂ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

ဒီကိုဗစ်-၁၉ မျိုးကွဲတွေဟာ ဥရောပဒေသမှာတင်မကပါဘူး။ ကမ္ဘာ့တခြားနိုင်ငံတွေမှာလည်း BA.4 နဲ့ BA.5 လို့ခေါ်တဲ့ ကိုဗစ်-၁၉ မျိုးကွဲသစ်တွေကို ထပ်မံတွေ့ရှိထားပါတယ်။ ဒီကိုဗစ်-၁၉ မျိုးကွဲသစ်တွေဟာ အရင်ကတွေ့ရှိခဲ့တဲ့ အိုမီခရွန်နဲ့ တခြားကိုဗစ်-၁၉ မျိုးကွဲတွေထက် ပိုမိုကူးစက်မြန်ပါတယ်။ ထပ်မံတွေ့ရှိခဲ့တဲ့ ကိုဗစ်-၁၉ မျိုးကွဲသစ်တွေဟာ လူတွေရဲ့ ခုခံကာကွယ်မှုကို အလွယ်တကူရှောင်ရှားနိုင်ပြီး ရောဂါကူးစက်ခံရသူရဲ့ ခုခံကာကွယ်နိုင်စွမ်းကိုလည်း လျော့နည်းစေပါတယ်။

BA.4 နဲ့ BA.5 ကိုဗစ်-၁၉ မျိုးကွဲတွေရဲ့ ရောဂါလက္ခဏာတွေကတော့ တခြားအိုမီခရွန် မျိုးကွဲတွေလိုပဲ ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်းနဲ့ အအေးမိတဲ့လက္ခဏာတွေဖြစ်ပေါ် ခံစားရမှာဖြစ်ပါတယ်။



**အသက်ကြီးပိုင်းတွေ ပိုမိုကူးစက်ဖြစ်ပွားနိုင်**

ဥရောပမှာ တစ်ပတ်ကို လူ ၃၀၀၀ နီးပါး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးကြရပါတယ်။ ထို့အတူ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနှုန်းလည်း မြင့်တက်လာပါတယ်။ အထူးသဖြင့်တော့ ရောဂါအခံရှိသူများနဲ့ အသက်ကြီးပိုင်းများမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ပိုမိုမြင့်တက်လျက်ရှိတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အရင်ကပိတ်ထားခဲ့ရတဲ့ ကျောင်းများလည်း ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်သလို အပန်းဖြေအနားယူရာမှ ပြန်လာသူများလည်း မိမိနေရပ်အသီးသီးသို့ တဖွဲဖွဲပြန်လည်ရောက်ရှိလာပြီဖြစ်ပါတယ်။ ထို့အတူ လူမှုရေးဆိုင်ရာ ပွဲလမ်းသဘင်များလည်း အဆောက်အအုံများအတွင်း ပြန်လည်ကျင်းပလျက်ရှိပါတယ်။

**ကူးစက်မှုတွေ ပိုမိုဖြစ်ပွားလာဖွယ်ရှိ**

ဒီလိုအခြေအနေတွေကြောင့် လာမယ့် ဆောင်းဦးရာသီနဲ့ ဆောင်းရာသီကာလတွေမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ ပိုမိုဖြစ်လာနိုင်ဖွယ်ရှိတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထားပါတယ်။



ပြင်သစ်နိုင်ငံ ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးရေးဌာနတွင် ဆေးဝန်ထမ်းတစ်ဦးက လူနာတစ်ဦးထံမှ နှာခေါင်းတို့ဖတ်နမူနာရယူနေသည်ကို တွေ့ရစဉ်။

အရင်ကိုဗစ်-၁၉ ဗိုင်းရပ်စ်ထက် ပိုမိုကူးစက်မြန်တဲ့ ကိုဗစ်-၁၉ မျိုးကွဲကူးစက်ဖြစ်ပွားသူတွေကိုလည်း စမ်းသပ်တွေ့ရှိထားတဲ့အတွက် အခုနှစ်ဆောင်းဦးရာသီနဲ့ ဆောင်းရာသီကာလတွေမှာ ဥရောပဒေသအတွက်တော့ တစ်ကျော့ပြန်ဖြစ်ပွားလာမယ့် ရောဂါကပ်ဘေးကို သတိထားစောင့်ကြည့် သွားရမှာဖြစ်ပါတယ်။

**ကပ်ရောဂါတည်ငြိမ်မှုဆိုင်ရာ စံသတ်မှတ်ချက်တွေကို လုပ်ဆောင်**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေညွှန်ကြားရေးမှူး ဟန်းစ်ကလေ့ဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဟာ ဆောင်းဦးရာသီနဲ့ ဆောင်းရာသီကာလတွေအတွက် ကိုဗစ်-၁၉ မဟာဗျူဟာတွေကို ချမှတ် လုပ်ဆောင်သွားမှာဖြစ်သလို တစ်ကျော့ပြန်ဖြစ်ပွားလာနိုင်ခြေရှိတဲ့ ကိုဗစ်-၁၉ လှိုင်းဂယက်အတွက်လည်း ကြိုတင်ပြင်ဆင်နေတယ်လို့ ပြောကြားလိုက်ပါတယ်။

အသစ်ထပ်မံထုတ်ပြန်မယ့် နည်းဗျူဟာသစ်က ဥရောပဒေသတွင်းမှာရှိတဲ့ နိုင်ငံတွေကို ကပ်ရောဂါတည်ငြိမ်မှုဆိုင်ရာ စံသတ်မှတ်ချက်ငါးချက်ကို ပြန်လည်လုပ်ဆောင်ဖို့ တိုက်တွန်းထားပါတယ်။

အဲဒီနည်းဗျူဟာမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးတိုးမြှင့်ထိုးနှံထားဖို့၊ ဒုတိယအကြိမ်ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံဖို့၊ ပြည်သူများကြားမှာ ပါးစပ်နှာခေါင်းစည်းတပ်ဆင်ဖို့၊ အများပြည်သူနဲ့သက်ဆိုင်ရာနေရာဒေသများအားလုံးမှာ လေဝင်လေထွက်ကောင်းမွန်ဖို့နဲ့ ပြင်းထန်သော ရောဂါဖြစ်နိုင်ခြေရှိသူများကို ထိရောက်သောကုထုံးအသုံးပြုဖို့တွေပါဝင်ပါတယ်။

❖ **အရင်ကိုဗစ်-၁၉ ဗိုင်းရပ်စ်ထက် ပိုမိုကူးစက်မြန်တဲ့ ကိုဗစ်-၁၉ မျိုးကွဲကူးစက်ဖြစ်ပွားသူတွေကိုလည်း စမ်းသပ်တွေ့ရှိထားတဲ့အတွက် အခုနှစ်ဆောင်းဦးရာသီနဲ့ ဆောင်းရာသီကာလတွေမှာ ဥရောပဒေသအတွက်တော့ တစ်ကျော့ပြန်ဖြစ်ပွားလာမယ့် ရောဂါကပ်ဘေးကို သတိထားစောင့်ကြည့် သွားရမှာဖြစ်**

❖ **ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဟာ ဆောင်းဦးရာသီနဲ့ ဆောင်းရာသီကာလတွေအတွက် ကိုဗစ်-၁၉ မဟာဗျူဟာတွေကို ချမှတ်လုပ်ဆောင်သွားမှာဖြစ်သလို တစ်ကျော့ပြန်ဖြစ်ပွားလာနိုင်ခြေရှိတဲ့ ကိုဗစ်-၁၉ လှိုင်းဂယက်အတွက်လည်း ကြိုတင်ပြင်ဆင်နေတယ်လို့ ပြောကြား**

**လူထုအခြေပြုကိုဗစ်-၁၉ စောင့်ကြည့်မှုတွေ လုပ်ဆောင်**

ဥရောပဒေသတွင်းမှာရှိတဲ့ နိုင်ငံတွေကိုလည်း လူထုအခြေပြု ကိုဗစ်-၁၉ စောင့်ကြည့်မှုများကို ဆက်လက်လုပ်ဆောင်ကြပြီး လာမယ့် ဆောင်းဦးရာသီနဲ့ ဆောင်းရာသီကို ရင်ဆိုင်သွားဖို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေညွှန်ကြားရေးမှူး ဟန်းစ်ကလေ့ဂ္ဂ ပြောကြားထားပါတယ်။

ကိုဗစ်-၁၉ မျိုးကွဲကမ္ဘာ့အနှံ့ဖြစ်နေချိန်မှာ ဥရောပဒေသမှာလည်း တစ်နေ့တခြားဆိုးရွားလှတဲ့ ကိုဗစ်-၁၉ မျိုးကွဲကူးစက်ဖြစ်ပွားမှုကို အကောင်းဆုံးတားဆီးကာကွယ်နိုင်မှသာ လာမယ့်ဆောင်းဦးရာသီနဲ့ ဆောင်းရာသီမှာ ကိုဗစ်-၁၉ တစ်ကျော့ပြန်ကူးစက်ဖြစ်ပွားလာမယ့် ဘေးက ရှောင်ရှားနိုင်မှာဖြစ်ပါတယ်။

**ကိုးကား - ဆင်ဟွာ**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

## ဇူလိုင် ၁၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇ ဦး တွေ့ရှိ

### ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၃၃ ရာခိုင်နှုန်းရှိ

(၁၉-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၈-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၁၂၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၁၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၆၈,၄၂၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၈၅၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင်သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၇၅၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

(၁၉-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၃) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၃၄) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၇၂) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၀၇) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၅၀၀) ခု | (၁၁) ဦး |
| စုစုပေါင်း | (၅,၁၂၆) ခု | (၁၇) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ၁၉-၇-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၁၄၂၉၄၀၉ | ၈၆၇၅၂၅၆၉ | ၁၀၄၉၇၂၄ |
| ၂။ | အိန္ဒိယ | ၄၃၇၈၃၀၆၂ | ၄၃၁၁၃၆၂၃ | ၅၂၅၇၈၅ |
| ၃။ | ဘရာဇီး | ၃၃၃၃၉၈၁၅ | ၃၁၆၄၀၇၇၁ | ၆၇၅၅၅၁ |
| ၄။ | ပြင်သစ် | ၃၃၀၃၄၃၁၁ | ၃၀၆၇၄၉၅၄ | ၁၅၀၈၃၅ |
| ၅။ | ဂျာမနီ | ၂၉၈၅၃၆၈၀ | ၂၇၉၀၆၅၀၀ | ၁၄၂၆၃၅ |
| ၆။ | ဗြိတိန် | ၂၃၀၇၅၃၆၀ | ၂၂၃၉၆၇၆၁ | ၁၈၁၅၈၀ |
| ၇။ | အီတလီ | ၂၀၁၇၇၉၁၀ | ၁၈၅၅၃၄၇၈ | ၁၇၀၀၃၇ |
| ၈။ | တောင်ကိုရီးယား | ၁၈၈၆၁၅၉၃ | ၁၈၃၄၄၁၀၄ | ၂၄၇၆၅ |
| ၉။ | ရုရှား | ၁၈၄၉၉၀၄၄ | ၁၇၉၁၅၅၂၆ | ၃၈၁၉၆၀ |
| ၁၀။ | တူကီယဲ | ၁၅၂၉၇၅၃၉ | ၁၅၀၉၆၇၇၄ | ၉၉၀၈၈ |

### ၁၉-၇-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၆၂၅၃၂ | ၉၈၂၃၅၇၄ | ၄၃၀၉၁ |
| အင်ဒိုနီးရှား | ၆၁၄၃၄၃၁ | ၅၉၅၅၅၇၇ | ၁၅၆၈၆၅ |
| မလေးရှား | ၄၆၂၆၀၆၁ | ၄၅၄၈၀၁၄ | ၃၅၈၆၂ |
| ထိုင်း | ၄၅၆၂၉၆၈ | ၄၅၀၉၅၉၆ | ၃၁၀၃၄ |
| ဖိလစ်ပိုင် | ၃၇၃၇၂၂၂ | ၃၆၅၆၀၇၀ | ၆၀၆၄၁ |
| စင်ကာပူ | ၁၆၀၂၂၇၃ | ၁၅၀၅၂၄၁ | ၁၄၅၇ |
| မြန်မာ | ၆၁၃၈၅၅ | ၅၉၂၇၅၄ | ၁၉၄၃၄ |
| လာအို | ၂၁၀၅၉၂ | ၂၀၈၃၄၄ | ၇၅၇ |
| ဘရူနိုင်း | ၁၈၈၂၁၉ | ၁၆၄၁၁၆ | ၂၂၅ |
| ကမ္ဘောဒီးယား | ၁၃၆၄၉၉ | ၁၃၃၃၁၉ | ၃၀၅၆ |

မျိုးရိုးဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုး အိုမီခရွန်နှင့် ၎င်း၏မျိုးစိတ်အသစ်များကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံခြင်းနှင့် ထပ်ဆောင်း ကာကွယ်ဆေးထိုးနှံခြင်းဖြင့်သာ ထိရောက်စွာ ကာကွယ်နိုင်သောကြောင့် မိဘပြည်သူများအနေဖြင့် သက်ဆိုင်ရာ ကျန်းမာရေးဌာနများတွင် ထပ်ဆောင်း ကာကွယ်ဆေးကို မပျက်မကွက် ထိုးနှံမှုခံယူရန် တိုက်တွန်းအပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို
ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး
စက္ကန့်(၂၀) ကြာဆေးကြောပါ။

# (၂၂)ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး မြန်မာကိုယ်စားလှယ်အဖွဲ့ Video Conferencing ဖြင့် ပါဝင်တက်ရောက်

## နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံအဆင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၉

**အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း (APSC) မဏ္ဍိုင်၏ (၂၂)ကြိမ်မြောက် နိုင်ငံဖြတ်ကျော် မှုခင်းများဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (22nd ASEAN Senior Officials Meeting on Transnational Crime – 22nd SOMTC) ကို ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် ဦးဆောင်၍ ဇူလိုင် ၁၉ ရက်က Video Conferencing ဖြင့် ကျင်းပခဲ့သည်။**



(၂၂)ကြိမ်မြောက် နိုင်ငံဖြတ်ကျော် မှုခင်းများဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ် အောင်အောင် ဦးဆောင်၍ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ Online ဖြင့် တက်ရောက်စဉ်။

### မြန်မာနိုင်ငံမှ Online ဖြင့် တက်ရောက်

အဆိုပါအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ အတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်အဆင့်များ ဦးဆောင်၍ အရာရှိကြီးအဆင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ မြန်မာနိုင်ငံအနေဖြင့် SOMTC (မြန်မာ) ခေါင်းဆောင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ် အောင်အောင် ဦးဆောင်၍ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများက နေပြည်တော် ရုံးအမှတ်(၈) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်ရှိ အစည်း အဝေးခန်းမမှ Online ဖြင့် ပါဝင်တက်ရောက်ကြသည်။

22nd SOMTC စုံညီအစည်းအဝေးကို ဇူလိုင် ၁၉ ရက် ကမ္ဘောဒီးယားနိုင်ငံ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် စတင်ကျင်းပရာ အစည်းအဝေး သဘာပတိ ကမ္ဘောဒီးယားနိုင်ငံ ပြည်ထဲရေးဝန်ကြီးရုံး အထွေထွေအတွင်းရေးမှူးချုပ် (SOMTC ခေါင်းဆောင်) ရဲဗိုလ်ချုပ်ကြီး POR PHAK က အဖွင့်အမှာစကား ပြောကြားသည်။

### မူးယစ်ဆေးဝါး ပြဿနာ

ထို့နောက် အာဆီယံ ၁၀ နိုင်ငံမှ SOMTC ခေါင်းဆောင်များက နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံအဆင့် ပူးပေါင်းဆောင်ရွက်မှုများကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ အာရှဒေသတွင်း စိမ့်ဝင်လာသော အကြမ်းဖက်မှု အန္တရာယ် တားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါး ပြဿနာ၊ လက်နက်မှောင်ခိုသယ်ဆောင်မှုများ၊ လူကုန်ကူးမှု၊ ဆိုက်ဘာမှုခင်း၊ တောရိုင်းတိရစ္ဆာန်နှင့် သစ်များ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။ အစည်းအဝေးတွင် မြန်မာ SOMTC ခေါင်းဆောင် ရဲဗိုလ်ချုပ် အောင်အောင်က မြန်မာနိုင်ငံ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် လက်နက်မှောင်ခိုတားဆီးနှိမ်နင်းရေးဆောင်ရွက်ခဲ့မှုများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

### လုပ်ငန်းလမ်းညွှန် အတည်ပြု

မွန်းလွဲပိုင်းတွင် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅) အကောင်အထည်ဖော်မည့် SOMTC လုပ်ငန်းစဉ် (၂၀၂၂-၂၀၂၄)၊ SOMTC ၏ လုပ်ငန်းလမ်းညွှန် (TOR) နှင့် အထွေထွေနိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ SOMTC လုပ်ငန်းအဖွဲ့၏ လုပ်ငန်းလမ်းညွှန် (TOR) တို့ကို အတည်ပြုခဲ့ကြပြီး အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သော နိုင်ငံဖြတ်ကျော် မှုခင်းများတိုက်ဖျက်ရေးဆိုင်ရာ စီမံကိန်းများ၊ ဆိုင်းငံ့/ဆောင်ရွက်ဆဲ အခြေအနေများကို နိုင်ငံအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

### နိုင်ငံအလိုက် ရှင်းလင်းဆွေးနွေး

ထို့နောက် အာရှဒေသတွင်း နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင် ပံ့ပိုးပေးလျက်ရှိသော တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဩစတြေးလျ၊ ကနေဒါ၊ ဥရောပသမဂ္ဂ၊ အိန္ဒိယ၊ နယူးဇီလန်၊ အမေရိကန်နိုင်ငံတို့နှင့် ပြုလုပ်မည့် အစည်းအဝေး အစီအစဉ်များနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို သက်ဆိုင်ရာနိုင်ငံအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။ 22nd SOMTC နှင့် ဆက်စပ်အစည်းအဝေးများကို ဇူလိုင် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဆက်လက်ကျင်းပသွားရန် သဘောတူညီခဲ့ကြပြီး အစည်းအဝေးကို ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲ၊ ဓာတ်ပုံပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ



**နောင်တရား ဇူလိုင် ၁၉**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့ ကျောင်းကုန်း အခြေခံပညာမူလတန်းကျောင်း တီကျစ်ကျေးရွာအုပ်စု ဆည်ခေါင်း အခြေခံပညာအလယ်တန်းကျောင်းများ၌ အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဟောပြောပွဲ၊ ဓာတ်ပုံပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဇူလိုင် ၁၈ ရက်က ကျင်းပသည်။

ထို့နောက် နောင်တရားမြို့ ကျောင်းကုန်း အခြေခံပညာ မူလတန်းကျောင်း၌ ရုပ်သံကျွမ်းကျင်-၃ ဒေါ်သီဂီအောင်က အာဇာနည်နေ့ ဖြစ်ပေါ်လာပုံအကြောင်းကို ဟောပြောသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်း ပြသထားသည့် အာဇာနည်နေ့အထိမ်းအမှတ် ဓာတ်ပုံပြပွဲနှင့် နံရံကပ်စာစောင် ပြပွဲကို ကျောင်းသားကျောင်းသူများက ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ တီကျစ်ကျေးရွာအုပ်စု ဆည်ခေါင်း အခြေခံပညာ အလယ်တန်းကျောင်း၌ အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ပြုလုပ်သည့် ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားခြင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်-၂ ဦးခွန်အောင်ဟန်က စာပေဖတ်ရှုခြင်းမှ အသိပညာ ဗဟုသုတတိုးပွားပြီး ခေတ်ပညာတတ်လူငယ်များအကြောင်းကိုလည်းကောင်း၊ ရုပ်သံကျွမ်းကျင်-၃ ဒေါ်သီဂီအောင်က အာဇာနည်နေ့ ဖြစ်ပေါ်လာပုံအကြောင်းကိုလည်းကောင်း ဟောပြောသည်။

**ခွန်အောင်(နောင်တရား)**

(၁၁) ကြိမ်မြောက်
တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ
The 11th Traditional Medicine Research Congress
၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၇-၂၈ ရက်နေ့

# ဥတ္တရခရိုင်၌ အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲကျင်းပ

**ဥတ္တရသီရိ ဇူလိုင် ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၇၅)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ခရိုင်ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေစုလှိုင်ဦးက ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာရေးဆရာစိန်ဝင်းနွယ် (ဘာသာပြန်)က အာဇာနည်ကိုးဦး၏ အတ္ထုပ္ပတ္တိနှင့် အာဇာနည်နေ့အကြောင်း သိကောင်းစရာများကို ဟောပြောသည်။

ထို့နောက်တက်ရောက်လာကြသည့်ကျောင်းသားကျောင်းသူများ၏ သိရှိလိုသည့် မေးမြန်းချက်များအပေါ် စာအုပ်၊စာစောင် ချစ်မြတ်နိုးသူများအသင်း (BookClub) အဖွဲ့ဝင် စာရေးဆရာစိန်ဝင်းနွယ် (ဘာသာပြန်)က ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး အာဇာနည်နေ့အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများကို ပြသခဲ့ကြောင်း သိရသည်။

**ကျော်စွာဟိန်း**
**(ပြန်/ဆက်)**

# ကရသူရိမြို့၌ အာဇာနည်နေ့အကြို အထိမ်းအမှတ် နံရံကပ်စာစောင်နှင့်ဓာတ်ပုံပြပွဲ ပြုလုပ်

**ကရသူရိ ဇူလိုင် ၁၉**

တနင်္သာရီတိုင်းဒေသကြီး ကရသူရိမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ ပြသခြင်းကို ဇူလိုင် ၁၈ ရက်က ဆောင်ရွက်ကြောင်း သိရသည်။



ထိုသို့ ဆောင်ရွက်ခြင်းကို မြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတ ရရှိရေးနှင့် အာဇာနည်နေ့ တို့မမေ့၊ အာဇာနည် ခေါင်းဆောင်ကြီးများ၏ သမိုင်းအကြောင်းအရာများကို သိရှိနားလည်ထားကြရန် ရည်ရွယ်ပြီး ပြသခြင်းဖြစ်ရာ အဆိုပါပြသရာတွင် မြန်မာ့လွတ်လပ်ရေးဖိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများနှင့် မိန့်ခွန်းကောက်နုတ်ချက်များ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မှတ်တမ်းဓာတ်ပုံများ၊ ကိုယ်ရေးအကျဉ်းနှင့် အာဇာနည်နေ့နှင့် ပတ်သက်သည့် စာအုပ်/ စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

ကရသူရိ
(ပြန်/ဆက်)

# အာဇာနည်နေ့အထိမ်းအမှတ်အကြို နံရံကပ်စာစောင်၊ စာအုပ်စာစောင်ပြသခြင်း ကွင်းဆင်းဆောင်ရွက်

**ဖန်းမော် ဇူလိုင် ၁၉**

ကချင်ပြည်နယ် ဖန်းမော်မြို့တွင် အခြေခံပညာကျောင်းသား ကျောင်းသူများအား အသိပညာ ဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို နယ်လှည့်အသိပညာပေးဟောပြောခြင်းနှင့် နံရံကပ်စာစောင်၊ စာအုပ်စာစောင်ပြသခြင်းကို ဇူလိုင် ၁၈ ရက်က ဖန်းမော်မြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းရှိ အောင်ဆန်းခန်းမ၌ ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ ဖန်းမော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထွန်းက လူငယ်ရေးရာဆိုင်ရာများအကြောင်းနှင့် အာဇာနည်နေ့အကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ဖန်းမော်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်ကျော်ဦးက စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောခြင်း၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဆန္ဒမွန်က အစားအသောက်နှင့်ပတ်သက်၍ ကုန်စည်နှင့် ဝန်ဆောင်မှုအကြောင်းကိုလည်းကောင်း အသိပညာပေး ဟောပြောခဲ့ကာ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများ၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၀၇ ဦး တက်ရောက်ခဲ့ကြသည်။



ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ခင်းကျင်း ပြသထားသည့် အာဇာနည်ပုဂ္ဂိုလ်(၉)ဦးတို့၏ အတ္ထုပ္ပတ္တိအကျဉ်း နံရံကပ်စာစောင်နှင့် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာများ၊ မူးယစ်ဆေးဝါးကာကွယ်ရေးဆိုင်ရာများ၊ ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေး နံရံကပ်စာစောင်များ၊ အာဇာနည်ခေါင်းဆောင်များ၏ သမိုင်းမှတ်တမ်းစာအုပ်များကို စိတ်ဝင်တစား ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ဖန်းမော်(ပြန်/ဆက်)

# နမ့်ခမ်းမြို့၌ အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

**နမ့်ခမ်း ဇူလိုင် ၁၉**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့ရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ပြုလုပ်သည့် (၇၅)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ စာအုပစာစောင်၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများကို ယနေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။



ဟောပြောပွဲနှင့် ပြပွဲများတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမိုင်းညီမောင်ဘဦးက ဟောပြောပွဲနှင့် ပြပွဲများကျင်းပရခြင်း ရည်ရွယ်ချက်များ၊ အာဇာနည်နေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းများ၊ နိုင်ငံ့ခေါင်းဆောင်ကြီး အာဇာနည်ကိုးဦး ကျဆုံးမှုသည် နိုင်ငံတော်အတွက် ကြီးမားသည့် ဆုံးရှုံးမှုများ ဖြစ်ခဲ့ကြောင်း၊ ပညာသင် လူငယ်များသည် “ယနေ့လူငယ် နောင်ဝယ်လူကြီး” ဆိုသည့် စကားအတိုင်း နိုင်ငံ့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်များကဲ့သို့ တိုင်းပြည် ချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်များ ထားရှိပြီး နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များ ပခုံးလွှဲပြောင်း တာဝန်ယူထမ်းဆောင်နိုင်မည့် နိုင်ငံအတွက် အကျိုးပြုနိုင်သည့် လူငယ်လူရွယ်များ ဖြစ်လာစေရန်အတွက် မိမိ၏ ရည်မှန်းချက် ပန်းတိုင်များ ရောက်ရှိနိုင်ရန်နှင့် စိတ်ဓာတ်ကောင်းများ မွေးမြူထားရှိနိုင်စေရန် ကြိုးစားသင်ယူကြရန် လိုအပ်ကြောင်း ဆွေးနွေးဟောပြောသည်။

ထို့နောက် ဟောပြောပွဲနှင့် ပြပွဲသို့ တက်ရောက်လာသည့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသသည့် စာအုပ်စာစောင်များ၊ နိုင်ငံ့ခေါင်းဆောင်ကြီး အာဇာနည်ကိုးဦး၏ အတ္ထုပ္ပတ္တိ ရာဇဝင်အကျဉ်းများ၊ ဗိုလ်ချုပ်အောင်ဆန်း၏ငယ်စဉ်ဘဝမှ နိုင်ငံ့ခေါင်းဆောင်ကြီးဖြစ်သည့် အချိန်အထိ အတ္ထုပ္ပတ္တိအကြောင်းအရာ စာစောင်များ၊ ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်း မှတ်တမ်းဓာတ်ပုံများနှင့် အာဇာနည်နေ့နှင့် ပတ်သက်သည့် မှတ်ဓာတ်ပုံများကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြသည်။

**ဆိုင်ထွန်း (နမ့်ခမ်း)**

## တိုင်းဒေသကြီး/ပြည်နယ်များ၌ (၇၅)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားများ ကျင်းပ

### မြောင်းမြ

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်တွင် (၇၅) နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်း အထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို တိုင်ဝက်လွှင့်ထူခြင်းနှင့် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့်အချိန်တွင် ဥသြဆွဲအလေးပြုခြင်း၊ သွားလာနေသော ယာဉ်များမှ ဟွန်းတီးရပ်တန့်နေခြင်းများကို ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာရုံးဌာနများ၊ ကျောင်းများတွင် နိုင်ငံတော်အလံကို တိုင်ဝက်လွှင့်ထူခြင်း၊ ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် မီးသတ်စခန်းများမှ ဥသြဆွဲခြင်း၊ အလေးပြုခြင်း၊ သွားလာနေသောယာဉ်များမှ ခေတ္တရပ်တန့်၍ ဟွန်းတီးခြင်း၊ ငြိမ်သက်နေခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

### အိမ်မဲ

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အ-ထ-က(၂) ကျောင်းပညာ့ဗိမာန်ခန်းမ၌ အာဇာနည်ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန် ရည်ရွယ်ပြီး (၇၅) နှစ်မြောက် အာဇာနည်နေ့ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် တက်ရောက်လာသော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသောအာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခဲ့ကြသည်။

ထို့နောက် အ-ထ-က(၂) ကျောင်းအုပ်ဆရာကြီး ဦးဝင်းနိုင်က အာဇာနည်နေ့ ဖြစ်ပေါ်လာပုံအကြောင်း၊ အလယ်တန်းပြဆရာမ ဒေါ်အေးအေးသန်းက အာဇာနည်စိတ်ဓာတ်ခေါင်းစဉ်များဖြင့် ဟောပြောခဲ့ကြောင်း သိရသည်။ အဆိုပါ ဟောပြောပွဲသို့ အ-ထ-က(၂) ကျောင်းမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၀၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

ချစ်သက်လယ်(ပြန်/ဆက်)



### သီပေါ

(၇၅) နှစ်မြောက်အာဇာနည်နေ့ ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်ခေါင်းဆောင်ကြီးများကို လွမ်းဆွတ်ဝမ်းနည်းခြင်းအနေဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်၌ အစိုးရရုံးဌာနများ၊ ရပ်ကွက် နေပြည်သူများက နေအိမ်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား တိုင်ဝက်လွှင့်ထူကြသည်။

အဆိုပါ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးခြင်းနှင့်အတူ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းကလည်း ဥသြဆွဲအချက်ပေးပြီး သွားလာနေသည့် မော်တော်ယာဉ်များက ခေတ္တရပ်ဟွန်းတီးခြင်း၊ ဆိုင်ကယ်သမား၊ စက်ဘီးသမားနှင့် လမ်းသွားလာသူများအနေဖြင့် တစ်မိနစ်ခန့်ငြိမ်သက်စွာ ဂါရဝပြုကြောင်း သိရသည်။

စိုင်း(သီပေါ)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်နေ နောင်နောင်လတ်သည် ၎င်းအသုံးပြုသည့် “Naung Naung Latt” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အမှတ်(၁၅) ရပ်ကွက်နေ ခင်မောင်အေးသည် ၎င်းအသုံးပြုသည့် “Khin Maung Aye” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် စည်သာကျေးရွာနေ တင်မောင်ထွေးသည် ၎င်းအသုံးပြုသည့် “Tin Maung Htwe” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၀၀ | ၁၈၅၀ | ၁၈၄၅ | ၁၈၁၀ | ၁၈၄၅ | ၁၈၇၀ | ၁၈၅၅ | ၁၈၃၅ | ၁၉၃၀ | ၁၉၄၅ | ၁၈၄၀ | ၁၈၅၀ | ၁၈၈၅ | ၁၈၅၅ | ၁၈၈၅ | ၂၁၀၅ | ၂၅၆၀ |
| 95 Ron | ၁၈၆၅ | ၁၉၁၀ | ၁၉၁၀ | ၁၈၇၅ | ၁၉၁၀ | ၁၉၃၀ | ၁၉၂၀ | ၁၈၉၅ | ၁၉၉၀ | ၂၀၀၅ | ၁၉၀၅ | ၁၉၂၀ | ၁၉၄၅ | ၁၉၄၅ | ၁၉၅၀ | ၂၁၇၀ | ၂၆၁၅ |
| HSD (500 ppm) | ၂၁၃၀ | ၂၁၈၀ | ၂၁၇၅ | ၂၁၄၀ | ၂၁၇၅ | ၂၂၀၀ | ၂၁၉၅ | ၂၁၆၅ | ၂၂၇၅ | ၂၂၇၀ | ၂၁၇၀ | ၂၁၈၀ | ၂၂၁၅ | ၂၂၁၅ | ၂၂၁၅ | ၂၄၃၅ | ၂၈၄၅ |
| HSD (50 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၅ | ၂၄၉၀ | ၂၈၇၅ |
| HSD (10 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၅ | ၂၄၉၀ | ၂၈၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၁၀ | ၁၇၇၇ |
| 95 Ron | ၁၇၇၁ | ၁၈၃၉ |
| HSD (500 ppm) | ၂၀၂၉ | ၂၁၀၀ |
| HSD (50 ppm) | ၂၀၈၅ | ၂၁၅၆ |
| HSD (10 ppm) | ၂၀၈၅ | ၂၁၅၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ခန္တီးမြို့နယ်၌ တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်၌ မွေးမြူရေးတိရစ္ဆာန်များတွင် ရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကာကွယ်ရန် ရည်ရွယ်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဇူလိုင် ၁၁ ရက်မှ ၁၇ ရက်အထိ ဆောင်ရွက်ကြောင်း သိရသည်။

ခန္တီးမြို့နယ်အတွင်း မွေးမြူရေး တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားလာပါက အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာရဲဝင်းဦးဆောင်၍ ဝန်ထမ်းများနှင့် ဖွဲ့စည်းထားရှိပြီး ကျွဲ၊ နွား၊ ဝက်များတွင် ဖြစ်ပွားတတ်သော ခွာနာလျှာနာရောဂါ၊ အရေပြားအကျိတ်နာရောဂါ၊ အာဖရိကဝက်အပြင်းဖျားရောဂါ၊ လည်ချောင်းကွဲရောဂါ အစရှိသည့် ကူးစက်ရောဂါလက္ခဏာများကို စူးစမ်းထောက်လှမ်းခြင်း၊ မျက်မြင်ကြည့်ရှုခြင်းများ ဆောင်ရွက်ကြပြီး ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းအဖြစ် စိန်နန်းကျေးရွာ၊ ကင်းတော်ကျေးရွာ၊ သာစည်၊ အောင်သာကျေးရွာ၊ ကတိုးကြီးကျေးရွာ၊ သာယာကုန်းကျေးရွာများရှိ ကျွဲ၊ နွားပေါင်း ၆၆၈ ကောင်ကို လည်ချောင်းကွဲရောဂါကာကွယ်ဆေးကွင်းဆင်းထိုးနှံပေး သည်။

ထို့နောက် အသိပညာပေးလုပ်ငန်းအဖြစ် ကွင်းဆင်းခဲ့သည့် ကျေးရွာများတွင် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ကျွဲ၊ နွားများတွင် အဖြစ်များသည့် အရေပြားအကျိတ်နာဖြစ်ပွားပုံ အဆင့်ဆင့်ကို အများပြည်သူကြည့်ရှုနိုင်ရန် ခန္တီး၊ ဆင်သေ၊ လဟယ် ကားလမ်းဆုံရှိ ဗိုလ်ချုပ်ကြေးရုပ်အနီးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ပညာပေးပိုစတာများ စိုက်ထူခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

နေပြည်တော် ဇူလိုင် ၁၉

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန် ထမ်းဆောင်လျက်ရှိသည့် အရာရှိ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန် မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ် စိတ်ဓာတ် (Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် (အပေါ်ပုံ)နှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရေတစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံ သင်တန်းကျောင်းများမှ အရာရှိ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ စစ်သည်၊ မိသားစုများနှင့်အတူတကွ သုံးဆောင်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၀-၇-၂၀၂၂ ဗုဒ္ဓဟူးနေ့

### MRTV HD

- ၀၆:၀၀ ပေမ္တာသုတ်၊ရတနသုတ်၊တောရှုဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ စစ်မီးငြိမ်းချိန်တန်ပါပြီ
- ၀၉:၁၀ နဝင်္ဂဥပေါသထသီလခံယူတည်ဆောက်ခြင်း
- ၀၉:၃၀ ဖော်ရွေပျူငှာ ကြိုနေမှာ နောင်ချိုမြို့ကစနေရှာ (CBT)
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၃:၃၀ MRTV National News
- ၁၆:၃၅ အသိပညာနှင့်အမှန်တရား 'လူ့အဆင့်အတန်း'
- ၁၇:၁၅ ခေတ်အလိုက်ကြေးမုံမြင်
- ၁၇:၄၀ ယဉ်ကျေးမှုနှင့်သဘာဝအလှတေးဖွဲ့သီရာ ကျောက္ကချားကျေးရွာ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ '(၃၀)ဖြာမင်္ဂလာ' (ဦးနန္ဒဝင်းရေးသားပူဇော်တင်ဆက်သည်) 'မဟာဝိတုဥပဋ္ဌာန်'
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘဝ်စကော်ဘောအက်ဆေး' (အပိုင်း-၃၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၁၅ (၁၇)ကြိမ်မြောက်ဆို၊က၊ရေး၊တီးပြိုင်ပွဲ (ရုပ်စုံပြိုင်ပွဲ) 'ဘုလ္လိသန္ဒိစိတ္တဇာတ်တော်ကြီး'
- ၂၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၃၄)

### mitv

- 07:02 Evergreen Classic: Parami Taw (Hnin Hnin Htoo)
- 07:09 Myanmar Traditional Identity (EP-1) The Culture Of Pennant Pillar
- 07:23 Myanmar Traditional Snacks: Sago Syrup with Sweet Potato
- 07:30 Discovering Tribes: Taisun (Their Life and Customs) (Part-2)
- 07:52 Yoghurt Vendor
- 08:01 Myanmar Delicate Artistic Handy Creations - Lacquer Ware Making
- 08:26 Inle Traditional Dance
- 08:34 A Day in Pyin Oo Lwin
- 08:51 Mularsheedi we love!
- 09:01 News
- 09:26 Global Partnership for Brighter Future: Kuwait Pavilion at Expo 2020 Dubai
- 09:35 Handmade Artisan Ye`Linn Oo
- 09:47 Charming & Fragrant Sabai

### MRTV NRC

- **အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** သဘာဝရဲ့အလှတရားများနဲ့ကျောက်ပုထိုးစေတီတော်
- **အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** တလာခူးရွာသို့အလည်သွားကြရအောင်
- **ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)** နွားနောက်မြီးစွပ်ပြုတ်
- **ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** လေးကြိုးပြုလုပ်ခြင်း
- **မွန် (၁၁:၀၀ မှ ၁၂:၀၀)** ရာမညမြေမှအမွေအနှစ်များ
- **ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** ဝါးတုတ်ချက်
- **ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** အင်းသားလေ့လှော်ကမ္ဘာကျော်
- **ဝ (၁၆:၀၀ မှ ၁၈:၀၀)** အသီးအရွက်စားပါ
- **ကချင် (၁၈:၀၀ မှ ၂၀:၀၀)** ဝဥစိုက်ကြမယ်
- **ကယား (၂၀:၀၀ မှ ၂၁:၀၀)** ကယားအမျိုးသားတို့၏အဲ့ဒိုပေါ်မီအကအကြောင်း
- **ဝကေကကရင် (၂၁:၀၀ မှ ၂၂:၀၀)** ကမ္ဘောဇသာဒီရွှေနန်းတော်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ဒါဏ်'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၆)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၁)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၆)

### MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၅၀ ပြည်ထောင်စုနယ်မြေမှ နေချင်စဖွယ်ကျေးရွာများ
- ၀၇:၁၅ ကဏန်းသယံဇာတများထွက်ရှိရာ ကဏန်းကမ္ဘာ
- ၀၈:၂၀ ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ
- ၀၉:၀၀ ပြုံးပန်းဝေဖြာတို့တောရွာ
- ၀၉:၀၀ ဒေသနှင့်ကိုက်ညီသောစပါးမျိုးစိုက်နိုင်ဖို့ ကိုယ်တိုင်ပါဝင်မျိုးရွေးချယ်စို့

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉-၇-၂၀၂၂

### ရွှေ

၁၉-၇-၂၀၂၂ ဈေးနှုန်း

| | | | |
|---|---|---|---|
| ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၂၀၆၂၀၀၀ |
| ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၄၀၇၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၂၅ ကျပ် | ၂၁၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၈၅ ကျပ် | ၂၂၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၇၂၀ ကျပ် | ၁၇၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၇၈၅ ကျပ် | ၁၈၂၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၅၈ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၈ . ၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၅၈၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၃၂ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၅ . ၈၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၃ . ၇၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၁၇၈ |

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၄၀၀ | ၇၄၀၀ | ၅၀ | ၃၇၀၀၀၀ |
| MTSH | ၂၆၅၀ | ၂၆၀၀ | ၈၅၁ | ၂၂၁၃၁၅၀ |
| MCB | ၇၃၀၀ | ၇၃၀၀ | ၁ | ၇၃၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၅၅၀ | ၂၅၅၀ | ၁၅၀ | ၃၈၂၅၀၀ |
| EFR | ၂၅၅၀ | ၂၅၅၀ | ၁ | ၂၅၅၀ |
| AHP | ၅၀၀၀ | ၄၉၀၀ | ၂ | ၉၉၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# နိုင်ငံတစ်ဝန်း သစ်ပင် သစ်တောများဖြင့် စိမ်းလန်းစိုပြည်ရေး ရှင်သန်အောင် စိုက်ပျိုးပေး

မော်ကျွန်း- မြင့်အောင်

သစ်ပင် သစ်တောများ၏ စိမ်းစိုသာယာသော ရှုခင်း ရှုကွက် အလှအပများကို မြင်တွေ့လိုက်ရသောအခါ လူတို့၏ စိတ်နှလုံး ကြည်လင်ရွှင်လန်းသွားကြသည်။ မျက်စိပသာဒ အေးမြသွားကြသည်။ ကြည်နူးမှုခံစားမိကြပါသည်။ သစ်ပင်သစ်တောများသည် လူတို့၏ အသက်ရှင် ရပ်တည်မှုကို တိုက်ရိုက်အကျိုးပြုသည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ပေးထားပါသည်။ ထို့ကြောင့်လည်း မည်သည့်နိုင်ငံမဆို သစ်ပင် သစ်တောများ ဖုံးလွှမ်းလျက် ရာသီဥတုသာယာမျှတပြီး သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုမရှိပါလျှင် "စိမ်းလန်းစိုပြည် သာယာလှပသော နိုင်ငံတစ်နိုင်ငံ" ဖြစ်လာနိုင်ပါသည်။ ဂုဏ်ယူဖွယ်နိုင်ငံတစ်နိုင်ငံ ဖြစ်လာနိုင်ပေသည်။

ဤသို့ စိမ်းလန်းစိုပြည် သာယာလှပသော နိုင်ငံတစ်နိုင်ငံ ဖြစ်လာရန်မှာ ထိုနိုင်ငံရှိ နိုင်ငံချစ် ပြည်သူများက သစ်တော သစ်ပင်များကို ချစ်မြတ်နိုးစိတ်ရှိရပါမည်။ သစ်ပင်ချစ်သူများ များပြားပါလျှင် စိမ်းလန်းစိုပြည် သာယာလှပသော နိုင်ငံအား မွေးဖွားပေးနိုင်ကြပါသည်။ သစ်ပင်စိုက်ပျိုးခြင်းကို ပထမ မူလချစ်မြတ်နိုးစိတ်ရှိပြီး ဂုဏ်ယူရသည့် လူမျိုးအဖြစ် တန်ဖိုးထားရမည် ဖြစ်သည်။

ယခုအခါ နိုင်ငံတိုင်းတွင် သစ်တောသစ်ပင်များကို ပြန်လည်ပြုစု ပျိုးထောင်လျက် ရှိနေကြသည်။ သစ်တောများကို ပြန်လည်ထိန်းသိမ်းစောင့်ရှောက်လာကြသည်။ နိုင်ငံတိုင်းသည် သစ်တော သစ်ပင်များ၏ အရေးပါမှု၊ အကျိုးထိရောက်မှုနှင့် ကောင်းမြတ်သော တန်ဖိုးကို ကောင်းကောင်း သိရှိလာကြပြီ ဖြစ်သည်။

"သစ်တစ်ပင်ကောင်း ငှက်တစ်သောင်း" နားခိုနိုင်သော ဆိုရိုးစကားရှိပါသည်။ သစ်တော တစ်ခုလျှင် သစ်ပင်ပေါင်းများစွာ အစုအဝေးဖြင့် တည်ရှိကြသဖြင့် ကျေးငှက်မျိုးစုံတို့ ပျော်မြူးစွာ နားခိုနေထိုင်နိုင်ကြပါသည်။ ထို့ကြောင့်လည်း သစ်ပင်စိုက်လျှင် ကုသိုလ်ရသည်ဟု ဆိုခြင်းဖြစ်ပါသည်။

သို့ဖြစ်ရာ စာရေးသူတို့ မြန်မာနိုင်ငံတွင် သစ်တောသစ်ပင် ပြုစုပျိုးထောင်ခြင်းလုပ်ငန်းကို နိုင်ငံတော်အစိုးရက ဦးဆောင်ပြီး သစ်တောဦးစီးဌာနအဆင့်ဆင့်က ခရိုင်နှင့် မြို့နယ်အလိုက် သစ်တောဦးစီးဌာနများက ဒေသဆိုင်ရာ စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းပြီး မိုးကြိုနှင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်များကို နိုင်ငံအနှံ့ နှစ်စဉ် ကျင်းပပေးလျက် ရှိနေကြသည်။ စာရေးသူအား မော်လမြိုင်ကျွန်းမြို့နယ်နှင့် ဘိုကလေးမြို့နယ် သစ်တောဦးစီးဌာနတို့က သစ်ပင်စိုက်ပျိုးပွဲတော်သို့ ဖိတ်ကြားသဖြင့် တက်ရောက်ခဲ့သည်။

## သစ်ပင်စိုက်ပျိုးပွဲတော်

နံနက်ခင်းအလှနှင့်အတူ သစ်ပင်စိုက်ပျိုးပွဲတော်၏ စိမ်းစိုသာယာလှပသော မြင်ကွင်းသစ်များက စာရေးသူကို ဆီးကြိုနေသည်။ မိုးရာသီအကြိုနှင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်များသည်ကား ကောင်းမြတ်သော မြင်ကွင်းသစ်များကို ဖန်တီးဖော်ဆောင်နေပါသည်။ မကြာမီကာလအတွင်း ကြီးထွားရှင်သန်လာမည့် သစ်ပင်များသည် လူသားတို့ကို ကောင်းကျိုးပြုနေမည် ဖြစ်သည်။

အဆိုပါ မြန်မာနိုင်ငံတစ်ဝန်း စိုက်ပျိုးသော သစ်ပင်စိုက်ပျိုးပွဲတော်များတွင် စိုက်ပျိုးသော သစ်ပင်မျိုးစုံတို့ကို မြို့ပေါ်နှင့် ကျေးရွာများ၊ မြို့ပတ်ဝန်းကျင် နေရာများ၊ လမ်းဘေးဝဲယာများ၊ တစ်ရွာနှင့်တစ်ရွာ ဆက်သွယ်ရေး တာလမ်းမကြီးများပေါ်တွင် သစ်ပင်မျိုးစုံ စိုက်ပျိုးလျက် ရှိနေကြသည်ကို တွေ့ရသည်။



သစ်ပင်မျိုးစုံ "စိုက်ပျိုးသမျှ" ရှင်သန်ဖို့တော့ လိုပါသည်။ သို့မှသာ သစ်ပင်စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက် ထမြောက် အောင်မြင်မည် ဖြစ်ပါသည်။ စိုက်ပျိုးသော သစ်ပင်များမှာ ငယ်ရွယ်နုနယ်သော သစ်ပင်ငယ်များ ဖြစ်နေသောကြောင့် သစ်ပင်ရှင်သန်ကြီးထွားရအောင် ဝိုင်းဝန်းစောင့်ရှောက်ထိန်းသိမ်းပေးရန် လိုပါသည်။

သစ်ပင်စိုက်ပျိုးရာတွင် ထပ်မံ သတိထားရမည့် အချက်မှာ စိုက်ပျိုးမည့် သစ်ပင်မျိုးစုံတို့သည် "ဒေသ ရေ၊ မြေ ရာသီဥတုနှင့်ကိုက်ညီသော သစ်ပင်များ" ကို ရွေးချယ်စိုက်ပျိုးကြရန် လိုအပ်မည် ဖြစ်သည်။

## ဆက်လက်ပြုစုပျိုးထောင်

သစ်ပင်စိုက်ပျိုးပြီးသည့် နောက်ပိုင်းတွင်လည်း သစ်ပင်ရှင်သန်ရေးအတွက် ဆက်လက်ပြုစုပျိုးထောင် စောင့်ရှောက်ကြရန် ဖြစ်ပါသည်။ အကယ်၍ သစ်ပင်စိုက်ပျိုးပွဲတော်တွင် စိုက်ပျိုးထားသည့် သစ်ပင်သည် ပျက်စီးသွားပါက အစားထိုး ပြန်လည်စိုက်ပျိုးပေးရန် အထူးလိုအပ်ပါသည်။ စိုက်ပျိုးသည့် အပင်အရေအတွက်၊ ရှင်သန်ကြီးထွားသည့် အပင်အရေအတွက်နှင့် ပျက်စီးသွားသည့် အပင်အရေအတွက်တို့ကို မှတ်တမ်းပြုစုပြီး သက်ဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့်သို့ တင်ပြသွားရမည် ဖြစ်သည်။

သို့ဖြစ်ရာ "စိုက်သမျှ ရှင်သန်မှ" အားလုံးအကျိုးရှိပါမည်။ သစ်ပင်များကို စိုက်ပျိုးပြီးလျှင် "မကြည့်ရှုဘဲ ပစ်ထား၍ မရပါ" ရှင်သန်ခွင့် ပေးရပါမည်။ စိုက်ပျိုးသော သစ်ပင်အများစု ရှင်သန်ရေးအတွက် ဒေသဆိုင်ရာ စီမံအုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်နှင့်သစ်တောဦးစီးဌာနတို့က အလေးထား ကြီးကြပ်စီစဉ်ပူးပေါင်းဆောင်ရွက်ကြပါလျှင် ယခုနှစ် စိုက်ပျိုးပြီးစီးနေသော မိုးကြိုနှင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်များ ကျင်းပသည့် နေရာတိုင်းတွင် သစ်ပင်များ ရှင်သန်ခွင့်ရရှိကြမည် ဖြစ်သည်။

> ❍ သစ်တောများ ပြုန်းတီးလာသော အကျိုးဆက်မှာ ရာသီဥတုဆိုးရွားစွာ ပြောင်းလဲလာခြင်း၊ မြစ်ချောင်းကန်များ တိမ်ကောပျက်စီးလာခြင်း၊ ရေချိုများ ခန်းခြောက်လာခြင်း၊ ကမ်းခြေပင်လယ်သမုဒ္ဒရာများ ပျက်စီးယိုယွင်းလာခြင်း၊ တောင်ပေါ်ဒေသနှင့် ကုန်းမြင့်များမှ မြေဆီလွှာများ ပြုန်းတီးပျက်စီးလာခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းပျောက်ဆုံးလာခြင်းနှင့် ဂေဟစနစ်များပါ ပျက်စီးယိုယွင်းလာမှုများ ဆက်တိုက်ဖြစ်ပေါ်လာ

သို့မှသာ သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပရခြင်း၏ အကျိုးကျေးဇူး ကောင်းကျိုးရလဒ်များ အပြည့်အဝ ခံစားရရှိနိုင်ကြမည် ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာတစ်နိုင်ငံလုံးတွင် ၂၀၂၁ ခုနှစ်က သစ်ပင်အပင်သန်း ၂၀ ကျော် စိုက်ပျိုးခဲ့ကြသည်။ ယခု ၂၀၂၂ ခုနှစ်တွင်မူ သစ်ပင် အပင်သန်း ၂၀ ခန့် စိုက်ပျိုးလျက်ရှိနေကြပြီ ဖြစ်ပေသည်။

## သစ်တောဖုံးလွှမ်းမှု

ထို့ကြောင့်လည်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ၂၀၀၀ ပြည့်နှစ် သစ်တောသယံဇာတ ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာတွင် ဖော်ပြထားသည်မှာ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုမှာ နိုင်ငံ့ဧရိယာ၏ ၅၄ ရာခိုင်နှုန်း ရှိပါသည်။ ၂၀၁၀ ပြည့်နှစ်တွင်မူ သစ်တော ဖုံးလွှမ်းမှုဧရိယာမှာ ၄၆ ဒသမ ၉၆ ရာခိုင်နှုန်းသို့ ကျဆင်းလာသည်။ ၂၀၁၅ ခုနှစ်တွင် သစ်တော ဖုံးလွှမ်းမှုဧရိယာမှာ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းသို့ ထပ်မံ ကျဆင်းလာသည်။ ၂၀၂၀ ပြည့်နှစ်တွင်မူ သစ်တောဖုံးလွှမ်းမှု ဧရိယာမှာ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းသို့ ကျဆင်းနေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ဤသို့ မြန်မာနိုင်ငံ၏ သစ်တော ဖုံးလွှမ်းမှု ဧရိယာ လျော့နည်းကျဆင်းလာကြောင်း အစီရင်ခံစာတွင် ဖော်ပြထားခြင်းမှာ မြန်မာနိုင်ငံတွင် သစ်တော ဧရိယာများ တစ်စတစ်စ ပျက်စီး ယိုယွင်းလာခြင်းကို ပြသနေခြင်း ဖြစ်သည်။

ထို့ကြောင့် ရာသီဥတု ပြောင်းလဲမှု ဖြစ်စဉ်များသည် သစ်ပင်သစ်တောများပေါ်တွင် တည်မှီ နေပါသည်။ "တောတောင် စိမ်းလန်းစိုပြည် သာယာနေလျှင် ရာသီဥတု မဖောက်ပြန်နိုင်ပါ။"

နိုင်ငံအလိုက် တည်ရှိနေကြသော သစ်တောသစ်ပင်တို့ကို လူတို့က သူတို့၏ အကျိုးစီးပွားအတွက် မဆင်မခြင် ခုတ်လှဲဖျက်ဆီး အသုံးပြုမှုများကြောင့် သစ်တောများ တစ်စတစ်စ ပြုန်းတီးလာကြသည်။

သစ်တောများ ပြုန်းတီးလာသော အကျိုးဆက်မှာ ရာသီဥတုဆိုးရွားစွာ ပြောင်းလဲလာခြင်း၊ မြစ်ချောင်းကန်များ တိမ်ကောပျက်စီးလာခြင်း၊ ရေချိုများ ခန်းခြောက်လာခြင်း၊ ကမ်းခြေပင်လယ်သမုဒ္ဒရာများ ပျက်စီးယိုယွင်းလာခြင်း၊ တောင်ပေါ်ဒေသနှင့် ကုန်းမြင့်များမှ မြေဆီလွှာများ ပြုန်းတီးပျက်စီးလာခြင်း၊ ဇီဝ မျိုးစုံ မျိုးကွဲများ လျော့နည်းပျောက်ဆုံးလာခြင်းနှင့် ဂေဟစနစ်များပါ ပျက်စီးယိုယွင်းလာမှုများ ဆက်တိုက် ဖြစ်ပေါ်လာခဲ့ကြသည်။

နောက်ဆုံးတွင် ဤဆိုးရွားသော အကျိုးဆက်တို့ကြောင့် လူသားတို့ အသက်ရှင် ရပ်တည်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများနှင့် ထိခိုက်မှု အကျိုးဆက်များ ဆက်တိုက် ဖြစ်ပေါ်ခဲ့ကြပေသည်။

လူသားတို့က သစ်တောများကို မဆင်မခြင် ခုတ်လှဲခဲ့သည့် အကျိုးဆက်မှာ လူသားတို့ထံ တစ်ဖန်ပြန်လည်ရောက်ရှိလာပြီး လူသားတို့ ဆိုးကျိုးများကို ပြန်လည်ခံစားရခြင်းဖြစ်သည်။

ဤသို့ သစ်တောပြုန်းတီးခြင်းမှ ဖြစ်ပေါ်လာသော ဆိုးကျိုးများမှ ပြန်လည်လွတ်မြောက်စေရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းမှာ သစ်ပင်စိုက်ပျိုးခြင်း ဖြစ်သည်။ သစ်ပင်စိုက်လျှင် အသက်ရှည်သည်။ ကုသိုလ်ရသည်။ အရိပ်အာဝါသရသည်။ အေးမြသည့်အရိပ်ကို ခိုလှုံရသူတိုင်း စိတ်ချမ်းမြေ့မှုကို ရရှိကြပါသည်။

ထို့ပြင် သစ်ပင်သစ်တောများသည် လေထုထဲမှ အမှုန်အမွှားများ၊ အဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်ပြီး လေကို သန့်စင်ပေးနိုင်ပါသည်။ လေထုထဲတွင်လည်း အောက်ဆီဂျင်ဓာတ် ပြည့်ဝနေပါသည်။ လူသားတို့အား ကျန်းမာရေး ကောင်းမွန်စေရန် အောက်ဆီဂျင်ဓာတ်က တိုက်ရိုက် အကျိုးပြုပေးသည်။

သစ်ပင်စိုက်ပျိုးခြင်းမှရရှိသော အကျိုးဆက်တို့မှာ များစွာရှိပါသည်။ သစ်ပင်စိုက်ပျိုးခြင်း၏ တန်ဖိုးကို နားလည်ပြီး သစ်ပင်၏ အကျိုးပြုမှုများကို သိရှိကြပါလျှင် နှစ်စဉ်ကျင်းပသော မိုးကြိုနှင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်များတွင် နိုင်ငံသား ပြည်သူတိုင်းက မိမိတို့၏ အသိစိတ်ဓာတ်များဖြင့် တစ်ဦးလျှင် သစ်ပင်တစ်ပင် (သို့မဟုတ်) နှစ်ပင် စိုက်ပျိုးကြပါလျှင် စိမ်းလန်း စိုပြည်သာယာသော နိုင်ငံ မကြာမီ ဧကန်မလွဲ ရောက်ရှိလာမည် ဖြစ်သည်။

## သစ်ပင်စိုက်ကြပါ

"တစ်သက်တာ ပျော်ချင်လျှင် သစ်ပင်စိုက်ပါ" ဟူသော ဆိုရိုးစကားနှင့်အညီ ယခု ဇူလိုင်လ သစ်ပင်စိုက်ပျိုးရာသီချိန်တွင် " မြေဆီစိုခိုက် သစ်ပင်စိုက်ကြပါ" ဟု တိုက်တွန်း နှိုးဆော်အပ်ပါသည်။

စာရေးသူငယ်စဉ်က ဖေဖေက အိမ်ရှေ့တွင် နောက်လာနောက်သားများ စားသုံးရန် ရည်ရွယ်၍ သရက်ပင်တစ်ပင် စိုက်ပျိုးပါသည်။ စာရေးသူက သစ်ပင်၏ ကောင်းကျိုးများကို ထိုစဉ်က မသိသဖြင့် သစ်ပင်စိုက်ခြင်းကို ဂရုမပြုခဲ့ပါ။ ယခုတော့ ဖေဖေ စိုက်ပျိုးထားသော သရက်ပင်မှ သရက်သီးများကို စာရေးသူတို့ မိသားစု ဝဝလင်လင် စားသုံးရပါသည်။ လှူဒါန်းရသည်။

မိတ်ဆွေများကို သရက်သီးလက်ဆောင်ပေးရပါသည်။ ယခုမှသာ သစ်ပင်စိုက်ခြင်း၏ အကျိုးကို ကောင်းကောင်းသိပြီ ဖြစ်ပါသည်။ ယခုမှ ဖေဖေ့ကို ကျေးဇူးတင်နေမိသည်။

စာရေးသူ အနှစ်ချုပ်တင်ပြရလျှင် ဤမြေကမ္ဘာဝယ် သစ်ပင်၊ သစ်တော မရှိပါလျှင် လူသားတို့ မရှိနိုင်ပါ။ သစ်ပင်၊ သစ်တောတို့ ပြုန်းတီးလာပါလျှင် လူသားတို့ အသက်ရှင်ရပ်တည်ရေးအတွက် ကြီးမားသည့် အန္တရာယ်များနှင့် တွေ့ကြုံရင်ဆိုင်ရမည် ဖြစ်သည်။

သို့ဖြစ်ရာ သစ်တော သစ်ပင်တို့ကို ချစ်မြတ်နိုးကြပါ။ သစ်ပင်သစ်တောကို ပြုစုထိန်းသိမ်း စောင့်ရှောက်ကြပါ။ သစ်ပင်စိုက်ပျိုးပွဲတော်များတွင် သစ်ပင်မျိုးစုံကို စိုက်ပျိုးကြပါ။ စိုက်သမျှ သစ်ပင် ရှင်သန်အောင် စိုက်ပျိုးကြရန် ဖြစ်သည်။

ဤသို့ဆိုလျှင် သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးရလဒ်နှင့် အကျိုးဆက်များက "နိုင်ငံတစ်ဝန်း သစ်ပင်သစ်တောများဖြင့် စိမ်းလန်းစိုပြည်ရေး ရှင်သန်အောင် စိုက်ပျိုးပေး" ကြပါဟုသာ နှိုးဆော်တိုက်တွန်းရေးသားတင်ပြလိုက်ရပေသည်။ ။

# ဒုတိယဝန်ကြီး ဦးဝင်းဖေ ကျိုင်းတုံ- ပန်လီ- မိုင်းခုတ်- မိုင်းဆတ်လမ်းနှင့် မိုင်းဆတ်မြို့နယ်ရှိ နိုင်ငံ့ဝန်ထမ်းအိမ်ရာ ဆောက်လုပ်နေမှုကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယမန်နေ့ နံနက်ပိုင်းတွင် ကျိုင်းတုံ-ပန်လီ-မိုင်းခုတ်-မိုင်းဆတ်လမ်းကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မိုင် ၂၄ နှင့် ၂၅ ကြား အာမောဒေရွာ လမ်းစခန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများက လမ်းလုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့်၃ ဒသမ ၆၆ မီတာအကျယ်ကတ္တရာလမ်းခင်းခြင်း၊ Box Culvert ဆောင်ရွက်မည့် အရေအတွက်၊ ကျောက်စီရေမြောင်း ပြုလုပ်မည့်နေရာ၊ အမာခံလမ်း ဆောင်ရွက်ရမည့်နေရာ၊ အမာခံလမ်းပခုံးဆောင်ရွက်ရမည့် နေရာ၊ လမ်းညွှန်ဆိုင်းဘုတ် အမှတ်အသားများ စိုက်ထူရမည့်နေရာနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် သီးခြားစီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မိုင်းဆတ်မြို့တွင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ၊ လေးထပ် ဆောက်လုပ်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး **(အောက်ပုံ)** ဒုတိယဝန်ကြီးက ဆောက်လုပ် ပြီး ဝန်ထမ်းအိမ်ရာများတွင် ရေ၊ မီး၊ မိလ္လာ၊ အမှိုက်စွန့်ပစ်စနစ်များ အဆင်ပြေစေရေး အိမ်ရာစီမံအုပ်ချုပ် ရေးကော်မတီမှ စီစဉ်ဆောင်ရွက်ပေးရန် မှာကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ်အတွင်း နိုင်ငံ့ဝန်ထမ်းများနေထိုင်နိုင်ရန်အတွက် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ပြီး ဝန်ထမ်းအိမ်ရာ ၇၆ လုံး၊ အိမ်ခန်းပေါင်း ၁၁၉၀၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်မည့် ဝန်ထမ်းအိမ်ရာ ၁၀ လုံး၊ အိမ်ခန်းပေါင်း ၁၅၆ ခန်း လျာထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် မုံရွာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲတက်ရောက်

**မုံရွာ ဇူလိုင် ၁၉**

၂၀၂၂ ခုနှစ် မုံရွာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၈ ရက် ညနေပိုင်းတွင် မုံရွာတက္ကသိုလ် ကျောင်းဝင်းအတွင်းရှိ ဘောလုံးကွင်း၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြည့်ရှုသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက ဗိုလ်လုပွဲ ဘာသာရပ်ပေါင်းစုံ (ဂ) အမျိုးသား ဘောလုံးအသင်းနှင့် ဘာသာရပ်ပေါင်းစုံ (ခ) အမျိုးသားဘောလုံး အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကာ ဘာသာရပ်ပေါင်းစုံ (ဂ) အမျိုးသား ဘောလုံးအသင်းက ဘာသာရပ်ပေါင်းစုံ (ခ) အမျိုးသားဘောလုံး အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ မုံရွာတက္ကသိုလ်မှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက ပွဲစဉ်တစ်လျှောက်နေရာအလိုက် အကောင်းဆုံးဆုရရှိကြသော အားကစားသမားများကို ဆုတံဆိပ်နှင့် ငွေသားဆုများအားလည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်က တတိယဆုရရှိသော ဘာသာရပ်ပေါင်းစုံ (က) အမျိုးသား ဘောလုံးအသင်းကို တစ်ဦးချင်းဆု တံဆိပ်နှင့် ငွေသားဆုငွေကျပ် နှစ်သိန်းအားလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက ဒုတိယဆုရရှိသော ဘာသာရပ်ပေါင်းစုံ (ခ) အမျိုးသားဘောလုံး အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုငွေကျပ် သုံးသိန်းတို့အားလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က မုံရွာတက္ကသိုလ်ကျောင်းအတွက် အားကစားပစ္စည်းများကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ပြီး ပထမဆုရရှိသော ဘာသာရပ်ပေါင်းစုံ (ဂ) အမျိုးသားဘောလုံး အသင်းကို တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုငွေကျပ် ငါးသိန်း ပေးအပ်ချီးမြှင့် **(အပေါ်ပုံ)** ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇူလိုင် ၁၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် (၅) နှစ်မှ (၁၂) နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၇၉၂၀ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၆၂၂ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၅၈၃၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၈၅ ဦး၊ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၅၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေးမြို့နယ်သမဝါယမအသင်းစုလီမိတက်က လူသုံး၊ အိမ်သုံးကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချ

**ရေး ဇူလိုင် ၁၉**

သမဝါယမအသင်းဆိုင်လုပ်ငန်းများ အောင်မြင်စေရန်အတွက် ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ် ရေးမြို့နယ် သမဝါယမအသင်းစုလီမိတက်သည် ချေးငွေလုပ်ငန်းအပြင် အသင်းစု၏ ကုန်ပဒေသာဆိုင်မှ လူသုံး၊ အိမ်သုံးနှင့် လုပ်ငန်းသုံးကုန်ပစ္စည်းများကို အသင်းသားပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်စေရန်အတွက် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**





# ဟသ်ာတမြို့တွင် တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်

**ဟသ်ာတ ဇူလိုင် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနက တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှုကို ဇူလိုင် ၁၁ ရက်မှစတင်ကာ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လှုပ်ရှားမှုတွင် ခရိုင်ဦးစီးမှူး ဒေါက်တာအောင်သူမျိုးနှင့် မြို့နယ်ဦးစီးမှူး ဒေါက်တာယုနန္ဒာအောင်တို့က ဦးဆောင်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဝန်ထမ်းများက ဇူလိုင် ၁၅ ရက်တွင် တိရစ္ဆာန်ကျန်းမာရေး လုပ်သားများအား အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ သဏ္ဍာန်တူလေ့ကျင့်ခြင်း၊ နွားများတွင် ဖြစ်ပွားတတ်သည့် အရေပြားအကျိတ်နာရောဂါနှင့် ကျွဲ၊ နွား၊ ခွာနာလျှာနာရောဂါများ အသိပညာပေးခြင်း၊ လက်တွေ့သွေးရည်ကြည်ထုတ်ခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**ခင်စန္ဒာဆွေ(ပြန်/ဆက်)**



# ဟွာဝေးဖုန်း အပိုပစ္စည်းများကို ၄၀ ရာခိုင်နှုန်းအထိ လျှော့ဈေးဖြင့်ရနိုင်မည့် Service Carnival အစီအစဉ်ပြုလုပ်

**ရန်ကုန် ဇူလိုင် ၁၉**

တရားဝင်တင်သွင်းရောင်းချထားသော ဟွာဝေးဖုန်းများအတွက် အပိုပစ္စည်းများကို ၄၀ ရာခိုင်နှုန်းအထိ လျှော့ဈေးဖြင့် ဝယ်ယူလဲလှယ်နိုင်မည့်အပြင် ဟွာဝေးဖုန်း ပြုပြင်မည့်သူများအတွက် အခြားအစီအစဉ်များပါ ပါဝင်သည့် Huawei Service Carnival အစီအစဉ်ကို ဟွာဝေးက ဇူလိုင် ၁၅ ရက်မှစ၍ စက်တင်ဘာ ၃၀ ရက်အထိ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါအစီအစဉ်အရ ဟွာဝေးဖုန်းများကို အသုံးပြုနေသူများသည် သတ်မှတ်ထားသော ဖုန်းမော်ဒယ်များ၏ သတ်မှတ်ထားသော အစိတ်အပိုင်းများကို ပြုပြင်လဲလှယ်လျှင် အပိုပစ္စည်းများကို ၄၀ ရာခိုင်နှုန်းအထိ လျှော့ဈေးဖြင့် ရရှိနိုင်မည်ဖြစ်ကြောင်း၊ အပိုပစ္စည်း အမျိုးအစားများအနေဖြင့် ရှေ့မျက်နှာပြင်၊ နောက်ကာဗာအဖုံး၊ ဘက်ထရီ၊ စက်ပြား၊ ကင်မရာများဖြစ်ပြီး အပိုပစ္စည်း လက်ကျန်ရှိသလောက်သာ ရနိုင်မည်ဖြစ်ကြောင်း၊ အပိုပစ္စည်းများသည် ဟွာဝေး၏ မူလထုတ်ကုန်များဖြစ်ပြီး အာမခံ ရက် ၉၀ လည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ဟွာဝေးထုတ်ကုန်များဖြစ်သည့် P စီးရီးမှ စမတ်ဖုန်းမော်ဒယ် ခုနစ်မျိုး၊ Mate စီးရီးမှ ဖုန်းမော်ဒယ် သုံးမျိုး၊ nova စီးရီးမှ ဖုန်းမော်ဒယ် ကိုးမျိုး၊ Y စီးရီးမှ ဖုန်းမော်ဒယ် ၁၅ မျိုး၊ တက်ဘလက်များဖြစ်သည့် MateBook နှင့် MateTab များထဲမှ မော်ဒယ် ၁၆ မျိုး၊ စမတ်နာရီ မော်ဒယ် ငါးမျိုးနှင့် နားကြပ် မော်ဒယ်နှစ်မျိုးတို့သည် အဆိုပါ လျှော့ဈေးဖြင့်ပြုပြင်နိုင်မည့်အစီအစဉ်တွင် ပါဝင်မည်ဖြစ်ပြီး မိမိတို့၏ ဖုန်း၊ တက်ဘလက်နှင့် ထုတ်ကုန်များသည် လျှော့ဈေးအစီအစဉ်တွင် ပါဝင်ခြင်းရှိမရှိကို ဟွာဝေး၏ဝက်ဘ်ဆိုက်ဖြစ်သည့် https://consumer.huawei.com/mm/support/sparepart-price/ တွင် ဝင်ရောက်စစ်ဆေးနိုင်မည်ဖြစ်သည်။

ရှေ့မှန်သားပြင်လဲလှယ်ပါက နောက်မျက်နှာပြင်အဖုံး အခမဲ့ရယူနိုင်မည့်အခွင့်အရေးကိုလည်း P20 နှင့် Mate20 ဖုန်းများ၊ nova စီးရီးမှ ဖုန်းမော်ဒယ် ငါးမျိုးနှင့် Y စီးရီးမှ ဖုန်းမော်ဒယ် ရှစ်မျိုးအတွက် ရရှိမည်ဖြစ်သည်။ ထို့အပြင် ဖုန်းကိုယ်ထည်၏ ကျောဘက်ကာဗာတွင် စိတ်ကြိုက်ဒီဇိုင်းဖန်တီးနိုင်ရန်အတွက် ဖလင်ဝယ်ယူပါက ၂၀ ရာခိုင်နှုန်း လျှော့ဈေး၊ အခမဲ့ဖုန်းသန့်ရှင်းရေးဝန်ဆောင်မှုနှင့် Screen Protector လက်ဆောင်ပေးခြင်း စသည့် ဝန်ဆောင်မှုများလည်း Huawei Service Carnival အစီအစဉ်တွင် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ဖုန်းပြုပြင်လိုသူများသည် ဟွာဝေး၏ တရားဝင်ဝန်ဆောင်မှုစင်တာများဖြစ်သည့် ရန်ကုန်မြို့ လှည်းတန်းဆားဗစ်စင်တာ၊ မန္တလေးမြို့ (၇၈)လမ်း ဆားဗစ်စင်တာနှင့် တောင်ကြီး၊ လားရှိုး၊ မကွေး၊ နေပြည်တော်၊ ပုသိမ်၊ မော်လမြိုင်နှင့် မြိတ်မြို့များရှိ ဆားဗစ်စင်တာများတွင် ပြုပြင်နိုင်မည်ဖြစ်ပြီး အသေးစိတ်အချက်အလတ်များကို ဟော့လိုင်း နံပါတ် ၀၉-၆၈၉၀၀၀၉၀၀ သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**ကိုစိုး**

# အက်တမ်က ပေးအပ်သွားမည့်ဝန်ဆောင်မှုများနှင့်ပတ်သက်၍ ကတိကဝတ် ၁၀ ချက်ကို ထုတ်ပြန်

**ရန်ကုန် ဇူလိုင် ၁၉**

တယ်လီနော မြန်မာမှ ပိုင်ဆိုင်မှုနှင့် အမည်ပြောင်းလဲသွားသည့် အက်တမ်(ATOM)က မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက် ဆက်လက်ပေးအပ်သွားမည့် ဝန်ဆောင်မှုများနှင့်ပတ်သက်၍ ကတိကဝတ် ၁၀ ချက်ကို ဇူလိုင် ၁၅ ရက်က ထုတ်ပြန်ခဲ့ပြီး အဆိုပါ ကတိကဝတ်များမှတစ်ဆင့် အက်တမ်သည် နည်းပညာဆန်းသစ်တီထွင်မှု၊ ဒစ်ဂျစ်တယ် ဝန်ဆောင်မှုများနှင့် ထိပ်တန်းအရည်အသွေးရှိသော ထုတ်ကုန်များ၊ ဝန်ဆောင်မှုများကို ပေးအပ်မည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကတိကဝတ် ၁၀ ချက်မှာ (၁) ဆက်သွယ်ချိတ်ဆက်မှုများရရှိအောင် လုပ်ဆောင်ခြင်း၊ (၂) လုပ်ဆောင်နိုင်စွမ်းထက်ပိုမိုသည့် ပံ့ပိုးမှုများ၊ (၃) လေးစားလိုက်နာမှုနှင့် မြန်မာ့လူမှုအသိုင်းအဝိုင်း၏ စံနှုန်းများကို ကာကွယ်ထိန်းသိမ်းခြင်း၊ (၄) တာဝန်ယူမှု တာဝန်ခံမှုနှင့် ဥပဒေများကို လေးစားလိုက်နာခြင်း၊ (၅) မြန်မာ့စီးပွားရေးတိုးတက်လာစေရန် ထောက်ပံ့ကူညီခြင်း၊ (၆) ရေရှည်တည်တံ့သော အနာဂတ်စီးပွားရေးကို ရှေးရှုလုပ်ဆောင်ခြင်း၊ (၇) အားလုံးပါဝင်ပြီး ပိုမိုကောင်းမွန်သည့် လုပ်ငန်းခွင်ယဉ်ကျေးမှုများ ဖန်တီးခြင်း၊ (၈) ကျစ်လျစ်ခိုင်မာသည့် ကော်ပိုရိတ်အုပ်ချုပ်ရေးစနစ် ဖော်ဆောင်ခြင်း၊ (၉)မြန်မာနိုင်ငံ၏ အကောင်းဆုံးလုပ်ငန်းခွင်ဖြစ်ခြင်းနှင့် (၁၀) မြန်မာ့လူမှုအသိုင်းအဝိုင်းကို စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့ ဖြစ်သည်။

အဆိုပါ ကတိကဝတ်များအရ သုံးစွဲသူများအားလုံးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိပြီး ရေရှည်တည်တံ့သော ခေတ်မီဆက်သွယ်ရေးကွန်ရက်တစ်ခု တည်ဆောက်ခြင်း၊ နိုင်ငံတကာအဆင့်မီ တယ်လီကွန်း အော်ပရေတာတစ်ခုဖြစ်လာစေရန် ကြိုးပမ်းလုပ်ဆောင်ခြင်း၊ နိုင်ငံတကာစံနှုန်းများကို ကျင့်သုံးရာတွင် မြန်မာ့လူမှုအသိုင်းအဝိုင်းရှိ စေတနာထားမှု၊ စည်းလုံးညီညွတ်မှုတို့ကိုလည်း ဆက်လက်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြည်တွင်းနှင့် နိုင်ငံတကာ ဥပဒေများနှင့် ကိုယ်ကျင့်တရားဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာခြင်း၊ မြန်မာ့စီးပွားရေးကဏ္ဍကို တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ကူညီနိုင်ရန် ဖန်တီးမှုအားကောင်းသော စီးပွားရေးဂေဟစနစ်ကို တည်ဆောက်ခြင်း၊ ကာဗွန်ထုတ်လွှတ်မှု လျှော့ချပြီး စွမ်းအင်ကို ထိထိရောက်ရောက်အသုံးပြုမည့် အစီအစဉ်များ လုပ်ဆောင်ခြင်း စသည်တို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ကိုစိုး**

## Application Guide

# YBS စီးသူများအတွက် အထောက်အကူဖြစ်စေမယ့် Yangon City Bus (YBS) အက်ပလီကေးရှင်း




ဒီအက်ပလီကေးရှင်းဟာ ရန်ကုန်မြို့က YBS ယာဉ်တွေကို နေ့စဉ်စီးနေရသူတွေအတွက် ယာဉ်လိုင်းနံပါတ်တွေ၊ ပြေးဆွဲတဲ့လမ်းကြောင်းနဲ့ ဖြတ်သန်းတဲ့ မြို့နယ်တွေ၊ ရောက်ရှိတဲ့မှတ်တိုင်တွေကို အသေးစိတ်ဖော်ပြထားတဲ့အပြင် GPS ကနေတစ်ဆင့် လမ်းကြောင်းရှာဖို့လည်း အသုံးပြုနိုင်တဲ့ အက်ပလီကေးရှင်းဖြစ်ပါတယ်။

ဒီအက်ပလီကေးရှင်းရဲ့ အဓိကအားသာချက်က Route finder ဆိုတဲ့ လုပ်ဆောင်ချက်ဖြစ်ပြီး အက်ပလီကေးရှင်းထဲမှာ ကိုယ်ရှိတဲ့နေရာနဲ့ သွားချင်တဲ့နေရာကို ရိုက်ထည့်ပြီးဖြစ်စေ၊ GPS ကနေ မြေပုံပေါ်မှာထောက်ပြီးဖြစ်စေ သတ်မှတ်ပေးလိုက်တာနဲ့ ရောက်ရှိတဲ့ဘတ်စ်ကားနံပါတ်တွေနဲ့ လမ်းကြောင်းကို ဖော်ပြပေးနိုင်သလို တစ်ဆင့်တည်းနဲ့ မရောက်ရင်လည်း ကားပြောင်းစီးရမယ့်မှတ်တိုင်၊ ပြောင်းစီးရမယ့် ယာဉ်လိုင်းနံပါတ်တွေကိုပါ အသေးစိတ် ဖော်ပြပေးခြင်းဖြစ်ပါတယ်။ ဒါ့အပြင် အက်ပလီကေးရှင်းထဲမှာ ရှာချင်တဲ့နေရာတွေကို မြန်မာလိုရော၊ အင်္ဂလိပ်လိုရောရိုက်ပြီး ရှာနိုင်တာကလည်း အခြားအက်ပလီကေးရှင်းတွေထက်ပိုတဲ့ အားသာချက်တစ်ခုဖြစ်ပါတယ်။

ဒီအက်ပလီကေးရှင်းကို ၂၀၂၀ ခုနှစ်တုန်းက နောက်ဆုံးအပ်ဒိတ်လုပ်ထားလို့ နောက်ပိုင်းမှာပြေးဆွဲတဲ့ ယာဉ်လိုင်းနံပါတ်အချို့ မပါဝင်တဲ့တိုင်အောင် YBS ယာဉ်လိုင်းတွေအတွက် လမ်းညွှန်အက်ပလီကေးရှင်းတွေ ငါးခုမက ထွက်ထားတဲ့အနက် ဒီအက်ပလီကေးရှင်းဟာ အချက်အလက် အစုံလင်ဆုံးနဲ့ အသေးစိတ်အကျဆုံး ဖြစ်နေပါသေးတယ်။

ဒီအက်ပလီကေးရှင်းကို ပလေးစတိုးမှာ Yangon City Bus (YBS) NAINGDroid လို့ ရိုက်ရှာပြီး ဒေါင်းလုပ်ဆွဲ ရယူနိုင်ပါတယ်။ အန်းဒရွိုက်ဗားရှင်း 4.1 နဲ့အထက် ဖုန်းအားလုံးမှာ အသုံးပြုနိုင်ပြီး ဖိုင်အရွယ်အစားကလည်း 2.8 MB ပဲ ရှိပါတယ်။

**ကျော်ဇင်ဦး**

## New Product

# ဂူဂဲလ်ဆားဗစ်တွေ ပြန်ပါလာတဲ့ Honor X8 နဲ့ X9 ဖုန်းသစ်များ

ယခင်က ပြည်တွင်းမှာ ဈေးကွက်အခိုင်အမာရှိခဲ့ပြီး နောက်ပိုင်းမှာ ဂူဂဲလ်ဝန်ဆောင်မှုတွေကို အသုံးမပြုနိုင်ခဲ့လို့ လူကြိုက်နည်းသွားခဲ့ရတဲ့ Honor ဖုန်းအမှတ်တံဆိပ်ဟာ ပြီးခဲ့တဲ့ ဇွန် ၂၈ ရက်မှာ ဂူဂဲလ်ဆားဗစ်တွေ ပထမဆုံးပြန်ပါလာတဲ့ Honor X7 ကို စရောင်းခဲ့ပြီးတဲ့နောက် ဇူလိုင် ၁၀ ရက်မှာ အရည်အသွေးပိုမြင့်တဲ့ ဖုန်းမော်ဒယ်သစ်နှစ်ခုဖြစ်တဲ့ X8 နဲ့ X9 ဖုန်းတွေကို စတင်ရောင်းချပြီး ဒီဖုန်းမော်ဒယ်နှစ်ခုလုံးဟာလည်း ဂူဂဲလ်ဆားဗစ်တွေ ပါဝင်ပါတယ်။ Honor X8 နဲ့ X9 ဖုန်းတွေရဲ့ အသေးစိတ် အချက်တွေကို ဖော်ပြလိုက်ပါတယ်။

| | | |
|---|---|---|
| မျက်နှာပြင်အကျယ် | ၆ ဒသမ ၇ လက်မ | ၆ ဒသမ ၈၁ လက်မ |
| မျက်နှာပြင်အမျိုးအစား | IPS LCD, 90Hz | IPS LCD, 90Hz |
| Resolution | 1080 x 2388 pixels | 1080 x 2388 pixels |
| အန်းဒရွိုက်ဗားရှင်းနဲ့ UI | Android 11, Magic UI 4.2 | Android 11, Magic UI 4.2 |
| Chipset | Qualcomm SM6225 Snapdragon 680 4G (6 nm) | |
| CPU | Octa-core (4x2.4 GHz Kryo 265 Gold & Kryo 265 Silver) | |
| RAM နှင့် မင်မိုရီ | 6/128 GB | 8/128 GB |
| ကင်မရာ | 64+5+2+2 MP(Quad Cam) | 64+8+2+2 MP(Quad Cam) |
| ဆယ်လ်ဖီကင်မရာ | 16 MP | 16 MP |
| USB | Type-C 2.0, On-The-Go | USB Type-C 2.0, On-The-Go |
| ဘက်ထရီ | Li-Po 4000 mAh | Li-Po 4800 mAh |
| အားသွင်းစနစ် | 22.5W အမြန်အားသွင်းစနစ် | 66W အမြန်အားသွင်းစနစ် |

ဈေးနှုန်းအနေနဲ့ Honor X8 က ကျပ် ၄၅၉၀၀၀ ဖြစ်ပြီး X9 က ကျပ် ၅၇၉၀၀၀ ဖြစ်ပါတယ်။ ဖုန်းနှစ်မျိုးလုံးဟာ ဂူဂဲလ်ဆားဗစ်တွေ Built-in ပါဝင်တဲ့ဖုန်းတွေဖြစ်ပြီး 4G ဖုန်းတွေဖြစ်ပါတယ်။ လက်ရှိဈေးကွက်အတွင်းမှာ ဖုန်းမော်ဒယ်နှစ်မျိုးလုံးကို စိတ်ဝင်စားမှုတွေ အထိုက်အလျောက်ရှိနေပေမယ့် မကြာခင်မှာ ဒီဖုန်းမော်ဒယ်တွေကိုပဲ 5G ဗားရှင်းနဲ့ အသစ်ထပ်ထွက်လာဖို့လည်း ရှိနေတာကြောင့် အချို့ကတော့ 5G ထွက်လာမယ့်အချိန်ကို စောင့်ဆိုင်းနေကြပါတယ်။




**ကျော်ဇင်ဦး**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ စာစီစာကုံးပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများ ကျင်းပ



## ဆီဆိုင်

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ၊ ဆုချီးမြှင့်ပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်စာစောင်များခင်းကျင်းပြခြင်းကို ဇူလိုင် ၁၈ ရက်က ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နွေးနွေးယုက အာဇာနည်နေ့အကြောင်း သိကောင်းစရာများနှင့် အာဇာနည်ခေါင်းဆောင် ကိုးဦး၏ အတ္ထုပ္ပတ္တိသမိုင်းကြောင်းများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဇူလိုင် ၁၃ ရက်က လူထုအခြေပြုဗဟိုဌာန၌ အာဇာနည်နေ့အထိမ်းအမှတ် အကြိုမူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။

**မျိုးမြတ်(ဆီဆိုင်)**



## အောင်လံ

မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ (၇၅)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အကြို ဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲကို ဇူလိုင် ၁၈ ရက်က ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသိန်းက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများက "၁၉ ဇူလိုင် မမေ့နိုင်" ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ ပေးအပ်သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် အာဇာနည်ကိုးဦး၏ အတ္ထုပ္ပတ္တိများ၊ စာအုပ်စာစောင်များကို ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့သည်။

**ဇင်ဇင်မင်းမောင်(ပြန်/ဆက်)**

## ရေဦး

ဇူလိုင် ၁၉ ရက်နေ့တွင် ကျရောက်သည့် (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် မြို့နယ်ပညာရေးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းမှုဖြင့် နံရံကပ်စာစောင်ပြပွဲ၊ စာအုပ်ပြပွဲနှင့် ဟောပြောပွဲကို ဇူလိုင် ၁၈ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် အထက(၁) ကံ့ကော်ဆောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးရဲနောင်ချစ်က ကျောင်းသား ကျောင်းသူများအား အာဇာနည်နေ့ဖြစ်ပေါ်လာပုံနှင့် အာဇာနည်စိတ်ဓာတ် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကိုယ်ကျိုးစွန့်အနစ်အနာခံပုံများ၊ လူငယ်များ စာဖတ်ရှိန်မြှင့်တင်ရေး စသည့်အကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဦးစီးမှူး ဒေါ်ခင်ဆွေဝင်းက စာကြည့်တိုက်မိတ်ဆက် စကားပြောကြားပြီး (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ပြသထားသည့် နံရံကပ်စာစောင်များနှင့် စာအုပ်ပြပွဲကို တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများ၊ ဆရာဆရာမများက လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **မောင်အေးချမ်း**



## သာစည်

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် (၇၅) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ပြုလုပ်သော အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၈ ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်သင်းသင်းက ဆုရွေးချယ်မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကိုပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင် ဗိုလ်မှူးတေဇာမြင့်နှင့် တာဝန်ရှိသူများအား ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်သည်။ဆုချီးမြှင့်ရာတွင် ပထမဆုငွေကျပ် နှစ်သောင်းနှင့် ဆုရဂုဏ်ပြုလွှာ၊ ဒုတိယဆုငွေကျပ် ၁၅၀၀၀ နှင့် ဆုရဂုဏ်ပြုလွှာ၊ တတိယဆုငွေကျပ် ၁၀၀၀၀ နှင့် ဆုရဂုဏ်ပြုလွှာတို့ ချီးမြှင့်ကြောင်းသိရပြီး ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်များ လက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## အမ်း

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမ်းမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာအုပ်စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဇူလိုင် ၁၈ ရက်က ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းဝင်းက စာအုပ်စာစောင်ပြပွဲ ကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူများအား သုတ၊ ရသစာအုပ်စာစောင်များ ခင်းကျင်းပြသထားမှုနှင့် ( ၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ပြသထားသော နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## နမ္မတူ

ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ်တွင် (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဇူလိုင် ၁၈ ရက်က အမှတ် (၉)အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ အမှတ် (၉)အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ဇင်နွယ်ဦးက (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို "အာဇာနည်နေ့ ဒို့မမေ့" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာရွတ်ဆိုပြိုင်ပွဲကို အာဇာနည်နေ့အထိမ်းအမှတ် စိတ်ကြိုက်ကဗျာများဖြင့်လည်းကောင်း ကျင်းပခဲ့ရာ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ထူးချွန်ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း ကျောင်းအုပ်ဆရာမကြီးထံမှ သိရသည်။

**လူမော် (ပြန်/ဆက်)**




## အိမ်မဲ

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အထက(၁)အိမ်မဲ ရွှေညီလာခန်းမတွင် အနာဂတ်မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့နိုင်ငံ၏ နေ့ထူးနေ့မြတ်ရက်များအကြောင်းကိုသိရှိပြီး အလေးအမြတ်ထားတတ်စေရန်ရည်ရွယ်၍ (၇၅)နှစ်မြောက်အာဇာနည်နေ့ ဟောပြောပွဲနှင့်အထက်တန်းအဆင့် ကဗျာ၊ စာစီစာကုံး ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၁၉ ရက်က ပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ အထက(၁)အိမ်မဲကျောင်းအုပ် ဆရာကြီးဦးမောင်မောင်စိုးက အမှာစကားပြောကြား၍ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦးတို့အကြောင်း ဟောပြောခဲ့ပြီး အလယ်တန်းပြဆရာမ ဒေါ်ဝေဝေခိုင်က ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်ရေးအတ္ထုပ္ပတ္တိနှင့် အာဇာနည်နေ့ဖြစ်ပေါ်လာပုံကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထက်တန်းအဆင့်ကဗျာ၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မော်လမြိုင်

မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အား/ကာနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ မော်လမြိုင်မြို့အားကစားနှင့် ပညာရေးပေါင်းစပ် အထက်တန်းကျောင်းတွင် (၇၅) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြသခြင်းအခမ်းအနားကို ဇူလိုင် ၁၈ ရက်က အဆိုပါကျောင်းခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ အားကစားနှင့် ပညာရေးပေါင်းစပ် အထက်တန်း ကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်နီနီဝင်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က အာဇာနည်နေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ရှင်းလင်းဟောပြောခြင်း၊ အထက်တန်းဆရာမဒေါ်ညွန့်မေကအာဇာနည်၏ အဓိပ္ပာယ်၊ အာဇာနည်နှင့် ပတ်သက်သည့်အကြောင်းအရာများကို ဟောပြောခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



ယော်ထန်(ခ)မာယော် နှင့် မလှဲ့လှဲ့ဆွေ(ခ)ဆွေဆွေထွန်းတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၁၉

**ဖားကန့်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မိုးကုတ်မြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။**

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ယူမာကျေးရွာအနီးတွင် ယော်ထန်(ခ) မာယော် မောင်းနှင်ပြီး မလှဲ့လှဲ့ဆွေ(ခ) ဆွေဆွေထွန်း လိုက်ပါလာသည့် Land Cruiser အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူ ၁ ဒသမ ၉၈ ကီလို၊ ဘိန်းဆီခဲ ၄ ကီလိုကိုလည်းကောင်း၊ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက် ၆၅ လမ်း၊ ၃၁ X ၃၂ လမ်းကြားတွင် မကြွယ်ကြွယ်ဦး(ခ)မိကြွယ် မောင်းနှင်ပြီး တင်မောင်ဝင်း (ခ) ယီစွတ်နှင့် မသီတာတို့ လိုက်ပါလာသည့် Suzuki Ertiga အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၀၅ ပြား သိမ်းဆည်းရမိပြီး ကွင်းဆက်အရ ညနေ ၅ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် တောင်မြင့်ရပ်ကွက်နေ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချပေးသူ မနှင်း(ခ)နှင်းနှင်းကို ၎င်း၏နေအိမ်၌ လည်းကောင်း။

ထို့အတူ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မိုးကုတ်မြို့နယ် ဗမွန်ကျေးရွာအုပ်စု ပန်းမထိပ်ကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ငွေထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အိုက်စ် ၀ ဒသမ ၉ ကီလို ကိုလည်းကောင်း၊ အလားတူ ဇူလိုင် ၁၇ ရက် ည ၇ နာရီ ၁၀ မိနစ်တွင် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သံဖြူဇရပ်မြို့နယ် စခန်းကြီးကျေးရွာအုပ်စု စခန်းကြီးကျေးရွာအဝင် သံဖြူဇရပ်–ရေး သွားကားလမ်းတွင် ဦးစိုး(ခ)ဦးဝိုင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

# ဘီးလင်းမြို့နယ်၌ ယာဉ်တိမ်းမှောက်မှုကြောင့် လူလေးဦးသေဆုံး

**နေပြည်တော် ဇူလိုင် ၁၉**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် သပြေနီကျေးရွာအနီး မိုင်တိုင်အမှတ် ၁၁၇ မိုင် ၁ ဖာလုံနှင့် ၂ ဖာလုံအကြားတွင် ဇူလိုင် ၁၈ ရက်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားရာ အမျိုးသား တစ်ဦး၊ အမျိုးသမီး သုံးဦး သေဆုံးပြီး အမျိုးသား နှစ်ဦး၊ အမျိုးသမီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၈ ရက် နံနက် ၇ နာရီ ၄၅ မိနစ်က ဘီးလင်းမြို့နယ် အလူးလေးကျေးရွာနေ မောင်နိုင်(၅၈)နှစ် မောင်းနှင်ပြီး တစ်ရွာတည်းနေ ဒေါ်အေးအေးမြင့် (၄၅) နှစ်ပါ ကိုးဦး လိုက်ပါလာသော 7F/xxxx Suzuki Carry မော်တော်ယာဉ်သည် ဘီးလင်းမြို့ဘက်မှ ကျိုက်ထိုမြို့နယ်ဘက်သို့ ရန်ကုန်–မော်လမြိုင် ကားလမ်းအတိုင်း မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်သို့ လဲကျတိမ်းမှောက်ခဲ့ကြောင်း၊ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ဒေါ်အေးအေးမြင့်နှင့် ဒေါ်ငွေလှိုင် (၄၈)နှစ်တို့ နှစ်ဦးသည် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားပြီး ယာဉ်မောင်း မောင်နိုင်နှင့် ဦးမောင်သန်းရွှေ ပါ ရှစ်ဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသမှု ခံယူနေစဉ် ဦးမောင်သန်းရွှေနှင့် ဒေါ်ခင်ကြည်တို့နှစ်ဦးမှာ ရရှိသော ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့သောကြောင့် မောင်နိုင်အား ဘီးလင်းမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

❍ *ကျောဖုံးမှ*

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၁၈ ရက် ည ၉ နာရီ မိနစ် ၅၀ တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ၈၆ လမ်းနှင့် ၈၇ လမ်းကြားရှိ အမှတ်(၃၆) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျောင်းဝင်းအတွင်း လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် ကျောင်းရှေ့လမ်းပေါ်မှ ဆိုင်ကယ်ဖြင့် ဖြတ်သန်းသွားလာနေသူ ပြည်ကြီးရန်လုံရပ်ကွက်နေ ဖြိုးသက်ပိုင်ခန့် (၂၃)နှစ်(ဘ)ဦးမြင့်ထွေးတွင် မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့ကာ ကျောင်းဝင်းအတွင်း ရပ်တန့်ထားသည့် HIJET အမျိုးအစား မော်တော်ယာဉ်၏ လေကာမှန်နှစ်ချပ်နှင့် ကျောင်းပြတင်းပေါက်မှန်နှစ်ချပ်တို့ ကွဲအက်ပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မန်းစီးတီးအသင်းမှ ဇင်ချန်ကို အား ခေါ်ယူရန် အာဆင်နယ်အသင်း သဘောတူညီမှုရရှိ

အာဆင်နယ် အသင်းသည် မန်းစီးတီးအသင်းမှ ဇင်ချန်ကို ကို ပေါင်သန်း ၃၀ ဖြင့် ခေါ်ယူရန် သဘောတူညီမှု ရရှိပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

လက်ရှိတွင် အဆိုပါ ကစားသမားသည် အမေရိကန်နိုင်ငံတွင် ရာသီအကြို ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် မန်စီးတီးအသင်းနှင့် ပူးပေါင်းလျက်ရှိကြောင်း သိရသည်။

အသက် ၂၅ နှစ်အရွယ် ယူကရိန်း ကစားသမားသည် ၎င်း၏ အပြောင်းအရွှေ့ကို အပြီးသတ်နိုင်ရန်အတွက် လာမည့်ရက်အနည်းငယ်အတွင်း အင်္ဂလန်သို့ ပြန်လာဖွယ်ရှိနေသည်။

ဇင်ချန်ကိုသည် မန်စီးတီးအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၂၈ ပွဲ ပါဝင်ကစားထားပြီး နှစ်ဂိုးသွင်းယူပေးထားသည်။

၎င်းသည် မန်စီးတီးအသင်းနှင့်အတူ ပရီမီယာလိဂ်ဖလား လေးကြိမ်၊ အက်ဖ်အေဖလား တစ်ကြိမ်၊ လိဂ်ဖလား လေးကြိမ် ဆွတ်ခူးရရှိအောင် စွမ်းဆောင်ပေးထားသည်။

ဇင်ချန်ကိုသည် အာဆင်နယ် အသင်းနှင့် လေးနှစ်စာချုပ်ချုပ်ဆိုဖွယ်ရှိနေပြီး ယခုလအစောပိုင်းတွင် မန်စီးတီးအသင်းမှ ဂျီးဆပ်ပြီးနောက် ဒုတိယမြောက်ရောက်ရှိလာမည်ဖြစ်သည်။

အာဆင်နယ် အသင်းသည် ယခု အပြောင်းအရွှေ့ကာလတွင် မာကွင်ဟို၊ တာနာ၊ ဗီရဲရားနှင့် ဂျီးဆပ်တို့ကို ခေါ်ယူထားပြီးဖြစ်သည်။



အောင်ဇော်

# MNL ပြိုင်ပွဲ ပွဲစဉ် (၄) လက်ကျန်ပွဲများ ဆက်လက်ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၉**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၄) လက်ကျန်ပွဲများကို ဇူလိုင် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ပွဲစဉ် (၄) မှ သုံးပွဲကို ဇူလိုင် ၁၆၊ ၁၇၊ ၁၈ ရက်တွင် ကျင်းပပြီး ရှမ်းယူနိုက်တက်အသင်းက အားကာသီပွဲအသင်းကို သုံးဂိုး–နှစ်ဂိုး၊ GFA အသင်းက မဟာယူနိုက်တက်အသင်းကို လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ရတနာပုံနှင့် ဟံသာဝတီအသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ပွဲစဉ် (၄) လက်ကျန်ပွဲအဖြစ် ဇူလိုင် ၂၀ ရက် **(ယနေ့)**တွင် ရောဝတီအသင်းနှင့် ရန်ကုန်အသင်း၊ ဇူလိုင် ၂၁ ရက်တွင် မြဝတီအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပေးဂိုးမရှိဘဲ သုံးပွဲစလုံးအနိုင်ရထားသည့် ရန်ကုန်အသင်းနှင့် နိုင်ပွဲဆက်နေသည့် ရောဝတီအသင်းတို့ ထိပ်တိုက်တွေ့ဆုံမှုမှာ စိတ်ဝင်စားစရာကောင်းနေပြီး ပြိုင်ဆိုင်မှုပြင်းထန်ဖွယ်ရှိနေသည်။ ရန်ကုန်အသင်းအနေဖြင့် လေးပွဲဆက်အနိုင်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေသည့် ရှမ်းယူနိုက်တက်အသင်းကို ဆက်လက်ဖိအားပေးနိုင်ရန် မဖြစ်မနေ အမှတ်ပြည့်ရယူနိုင်ရန် လိုအပ်နေသည်။ တန်းတက် မြဝတီအသင်းနှင့် နိုင်ပွဲမရသေးသည့် ရခိုင်အသင်းတို့၏ တွေ့ဆုံမှုမှာလည်း မျှော်လင့်ချက်ကိုယ်စီဖြင့် ယှဉ်ပြိုင်မည့်ပွဲဖြစ်နေသည်။ မြဝတီအသင်းက နိုင်ပွဲဆက်ရေး ကြိုးပမ်းမည်ဖြစ်သလို ရခိုင်ယူနိုက်တက်အသင်းကလည်း ဇယားအောက်ဆုံးမှ ရုန်းထွက်နိုင်ရန် ကြိုးပမ်းမည်ဖြစ်သည်။

လက်ကျန်နှစ်ပွဲစလုံးကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် စတင်မည်ဖြစ်သည်။

ရဲရင့်လွင်

❊ *ကျောဖုံးမှ*

ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်းအချို့ အပြောင်းအလဲရှိခဲ့သော်လည်း စုစုပေါင်း လေးသင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး အိမ်ရှင်ဗီယက်နမ်အသင်းနှင့် မြန်မာအသင်းမှာ ပုံမှန်အတိုင်း ယှဉ်ပြိုင်မည်ဖြစ်ကာ အသင်းသစ်အဖြစ် မလေးရှားနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

ယခင်က အာရှထိပ်သီးအသင်းများဖြစ်သည့် ဂျပန်နှင့် ဆော်ဒီအာရေဗျအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းခဲ့သော်လည်း ပြန်လည်နုတ်ထွက်ခဲ့သဖြင့် ထိုင်း၊ မလေးရှားအသင်းတို့ဖြင့် အစားထိုးခဲ့ခြင်းဖြစ်သည်။ ယင်းလေးသင်းစလုံးမှာ မကြာခင်ကပြီးစီးခဲ့သည့် ၂၀၂၂ အာဆီယံ ယူ–၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် အသင်းများဖြစ်ပြီး မလေးရှားအသင်းမှာ ချန်ပီယံဆုရခဲ့ကာ ထိုင်းနှင့် ဗီယက်နမ်အသင်းမှာ ဆီမီးဖိုင်နယ်အဆင့်အထိ တက်ရောက်နိုင်ခဲ့သည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီး ယခုပြိုင်ပွဲဝင်အသင်းများ အနက် ထိုင်း၊ ဗီယက်နမ်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့ကာ နှစ်သင်းစလုံးကို အရေးနိမ့်ခဲ့သည်။

ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်းက ကိုင်တွယ်လျက်ရှိပြီး ၂၀၂၂ အာဆီယံ ယူ–၁၉ ပြိုင်ပွဲဝင်အသင်းကို အခြေခံဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာ ယူ–၁၉ အသင်းသည် ပဏာမကစားသမား ၂၈ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

ရဲရင့်လွင်

ဓာတ်ပုံ–MFF



## သံတွဲမြို့နယ်ရှိ မြန်မာ့ပင်လယ်ပြင်အတွင်း၌ ရေဝင်နစ်မြုပ်မှုဖြစ်ပွားနေသည့် ငါးဖမ်းစက်လှေပေါ်မှ လှေသားများကို တပ်မတော်စစ်ရေယာဉ်ဖြင့် ကူညီကယ်ဆယ်

**နေပြည်တော် ဇူလိုင် ၁၉**
ရခိုင်ပြည်နယ် သံတွဲမြို့နယ်ရှိ မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေး ဆောင်ရွက်လျက်ရှိသော တပ်မတော် စစ်ရေယာဉ်သည် ယနေ့နံနက် ၁ နာရီခန့်တွင် အပေါ်ရီကျွန်း၏ အနောက်မြောက်ဘက် ကိုးမိုင်ခန့်အကွာ၌ ရေဝင်နစ်မြုပ်လျက်ရှိသော ငါးဖမ်းစက်လှေ တစ်စင်းကိုတွေ့ရှိသဖြင့် ကူညီကယ်ဆယ်ပေးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ငါးဖမ်းစက်လှေသည် လှေသား ငါးဦးလိုက်ပါ၍ ဇူလိုင် ၁၈ ရက် ညနေပိုင်းတွင် သမြုချိုင်ကျေးရွာမှ ပင်လယ်ပြင်သို့ ငါးဖမ်းရန် ထွက်ခွာလာစဉ် လှေဦးအောက်ခြေမှ ပွင့်ထွက်၍ ရေဝင်နစ်မြုပ်ခဲ့ခြင်းဖြစ်ပြီး တပ်မတော် စစ်ရေယာဉ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက လှေသားများကို စစ်ရေယာဉ်ပေါ်သို့ တင်ဆောင်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသခြင်းများ ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ **(အပေါ်ပုံ)** လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုင်းဆတ်မြို့နယ်၌ ငွေကျပ်သိန်း ၉၆၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၄ သန်း ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၉**
ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်၌ ငွေကျပ်သိန်း ၉၆၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၄ သန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၄ ရက် မွန်းလွဲ ၃ နာရီတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ကျောက်တုံးကျေးရွာရှိ မအားပ၏နေအိမ်ကို သတင်းအရရှာဖွေရာ ၎င်းနှင့် အိုက်ကပ်တို့ကို နေအိမ်ခြံဝင်းအတွင်း REVO မော်တော်ယာဉ်နှစ်စီးနှင့်အတူ တွေ့ရှိပြီး အဆိုပါ ယာဉ်နှစ်စီးပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၉၆၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၄ သန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွ ရူးသွပ်ဆေးပြားများကို မိုင်းဆတ်မြို့နယ် ကျောက်တုံးကျေးရွာမှ ဝမ်ဟုန်ကျေးရွာသို့ သယ်ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်နှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၉**
တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့စဉ် ဇူလိုင် ၁၈ ရက်က မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ကုန်တင်ယာဉ်တစ်စီးပေါ်မှ စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ဂဟေဆော်စက်ဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၄၀၀၀၀)ကို လည်းကောင်း၊ ဇူလိုင် ၁၉ ရက်တွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ကုန်တင်ယာဉ်တစ်စီးပေါ်မှ စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော SUE SAT တံဆိပ်ပါ ဆပ်ပြာမှုန့်ဖာ ၁၄၀(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၄၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

အလားတူ ဇူလိုင် ၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင် ပဲခူးမြို့နယ်အတွင်း ကျွန်းပါကေး (အကြမ်းတုံး)များ ၁ ဒသမ ၃၇၂၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၆၀၄၈) ကို လည်းကောင်း၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ်နှင့် မြောက်ဇာမရီကြိုးဝိုင်းအတွင်း ကျွန်းပရိဘောဂအကြမ်းထည်များ၊ ပျဉ်းကတိုးခွဲသားနှင့် ကျွန်းသစ် ၇ ဒသမ ၄၀၉၂ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၆၄၀၆၈) ကို လည်းကောင်း၊ တောင်ငူခရိုင်အတွင်းရှိ ကျောက်မဆင်ကြိုးဝိုင်းနှင့် ရိုးမကြိုးပြင်ကာကွယ်တောအတွင်း ဒီးဒူးခွဲသား၊ ကျွန်းခွဲသား (ပွတ်လုံး)၊ ကြို့ခွဲသား၊ ပျဉ်းကတိုးခွဲသား ၃ ဒသမ ၂၂၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၁၇၇၆) ကို လည်းကောင်း စုစုပေါင်း၁၂ ဒသမ ၀၀၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၃၁၈၉၂) ကို ဖမ်းဆီးရမိခဲ့ပြီး **(ဝဲပုံ)** သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**အမှုတွဲ ကိုးမှု**

သို့ဖြစ်ပါ၍ ဇူလိုင် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲကိုးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၇၁၈၉၂ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**









## ပျဉ်းမနားမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ရှေးဦးပြုစုခြင်းသင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၉**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ရှေးဦးပြုစုခြင်းသင်တန်း အမှတ်စဉ်(၁/၂၀၂၂)နှင့် အမှတ်စဉ်(၂/၂၀၂၂) သင်တန်းဆင်းပွဲကို ဇူလိုင် ၁၇ ရက်က ဇီးကုန်းအလယ်တန်းကျောင်း၌ ကျင်းပသည်။**(အောက်ပုံ)**

အခမ်းအနားတွင် နေပြည်တော် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ဒုတိယတိုင်းတပ်ဖွဲ့မှူး ဦးစိုးလင်းဦးက အမှာစကားပြောကြားပြီး ဒုတိယမြို့နယ် ပညာရေးမှူး ဦးအောင်ဇော်မင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က သင်တန်းဆင်းစကားများ ပြောကြားသည်။ ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရရှိသူများနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် သင်တန်းဆင်းလက်မှတ်များ၊ ဆုတံဆိပ် များကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကာ သင်တန်းကို ဇူလိုင် ၁၂ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်**
**(မန်းတက္ကသိုလ်)**







## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်း/လုပ်ငန်းများကို ( မြန်မာကျပ်ငွေ/ Euro ) ဖြင့် ဝယ်ယူ/ ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၁၁၄/မမ/CE (Kyat) | Dog Spike (Foreign)(30,000)Nos ဝယ်ယူရန် |
| ၂ | ၁၁၅/မမ/CE (Kyat) | **ရွှေညောင်-တောင်ကြီးရထားလမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်း** ချိန်းအမှတ်(၂၅၀၆၀)တွင် 1/6' Flat Top တံတား တည်ဆောက်ခြင်း လုပ်ငန်း |
| ၃ | ၁၁၆/မမ/CE (Kyat) | **ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်း** ကဒုတ်ဘူတာ အသစ်တည်ဆောက်ခြင်းလုပ်ငန်း (60'x50') (Steel Column, Brick Walling, Concrete, ကြမ်းခင်း, Amacn Sheet ရေ ၊ မီး ၊ မိလ္လာအပါ) လုပ်ငန်းဆက် |
| ၄ | ၁၁၇/မမ/CE (Kyat) | ညောင်လေးပင်ဘူတာ ပလက်ဖောင်း (Waiting Shed)တည်ဆောက်ခြင်း အလျား(၄၂၀-ပေ)လုပ်ငန်း(လုပ်ငန်းဆက်) |
| ၅ | 15(T)3/MR(E) (Euro) | Spare Parts for Automatic Levelling, Lining & Tamping Machine , Profile Ballast Regulating Machine, Flash Butt Welding Machine (126 Items) |

တင်ဒါပိတ်မည့်နေ့/အချိန် - အမှတ်စဉ် (၁) ( ၁ . ၈ . ၂၀၂၂ ) ( ၁၄:၃၀ )နာရီ
အမှတ်စဉ် (၂) မှ (၅)အထိ ( ၁၈ . ၈ . ၂၀၂၂ ) ( ၁၄:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ( ၁၈. ၇ . ၂၀၂၂) ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည် -
ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း 294352, 291994




## အလှူငွေပေးအပ်လှူဒါန်းခြင်း

ကျေးဇူးရှင်ဖခင် ဦးသန်းအောင်-မိခင်ဒေါ်ညွန့်ညွန့်နှင့်ခင်ပွန်း ဦးဝင်းမော်တို့အား ရည်စူး၍ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၈၇)၊ မင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်သီတာအောင်နှင့် ဦးသက်လွင်အောင်-ဒေါ်ခင်မေစီ၊ သားမောင်ဟိဏ်းခန့်ညား မိသားစုတို့က ၁၉-၇-၂၀၂၂ ရက်တွင် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ နှစ်စဉ် ဇူလိုင် ၁၉ ရက်တိုင်း ရာသက်ပန်ဆွမ်းအလှူအဖြစ် မတည်အလှူငွေကျပ်သိန်း(၁၀၀) တိတိ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယက ဦးဝင်းလွင်မှ လက်ခံရယူစဉ်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/တိုးချဲ့)၊ ယာဉ်ငယ်(၃)လမ်း၊ မြေကွက်အမှတ်(၂၂၂)၊ ပါမစ်မြေအမျိုးအစား၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ) အနက်မှတရားဝင်မခွဲမစိတ်ရသေးသော (၂၀ ပေx၆၀ပေ) (ခေါင်းရင်းခြမ်း)ရှိ ဒေါ်စိန်လှ (TRY-၀၁၂၇၈၂) ၁၂/လမန(နိုင်)၀၁၄၅၄၅ အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်အစပ်အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးစိုးလေး ၁၂/ဒဂမ(နိုင်)၁၅၄၆၉၅ ထံမှ ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မိုးမီမီခိုင် (LL.B) (၅၃၄၉၁/ ၂၀၂၀)**
**အထက်တန်းရှေ့နေ**
**အမှတ် - ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၄၅၅၆၇၇၆၁၅**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၀/စစ်ကဲကုန်း)၊ ဦးပိုင်အမှတ်(၈၉က)၊ မြေချိန်ဧရိယာ ၀ ဒသမ ၄၇၆ ဧကရှိ ဘိုးဘပိုင်မြေကွက်နှင့်မြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အားလုံးသည် ဦးဇင်မင်းအောင် ၁၂/ရကန(နိုင်)၀၇၄၂၄၈ အမည်ပေါက်ပိုင်ဆိုင်ပြီး မော်လမြိုင်မြို့ မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အိမ်နှင့်မြေအရောင်းအဝယ် မှတ်ပုံတင်အမှတ်-၁၃၃/၂၀၂၂ အရ ဒေါ်မြမြမိုးအား ရောင်းချခဲ့၍ ဒေါ်မြမြမိုး ၁၀/မဒန(နိုင်)၀၀၃၄၆၄ အမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ကြေညာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မော်လမြိုင်မြို့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အမည်ပြောင်းလျှောက်ထားခြင်းကို ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ဇာသပြင်အနောက်ကျေးရွာအုပ်စု၊ ကော့ကျိုက်ပွန်ကျေးရွာနေ ဦးထွန်းဝေ ၁၀/မဒန(နိုင်)၀၉၅၂၉၆ နှင့် ဒေါ်ညွန့်သိန်း ၁၀/မဒန(နိုင်)၀၁၀၂၇၀ တို့၏သားဖြစ်သူ ထွန်းထွန်းလင်း ၃/ဘအန(နိုင်)၂၃၉၇၈၂ သည် မိဘကိုအကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် လုံးဝ (လုံးဝ)မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းဝေ - ဒေါ်ညွန့်သိန်း**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/7908 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/6841 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**

## အရွယ်မရောက်သေးသူ၏ ကိုယ်နှင့်ပစ္စည်းများအတွက် အုပ်ထိန်းသူအဖြစ် ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့ အက်ဥပဒေပုဒ်မ-၁၁)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၁၁

ဒေါ်နွယ်နွယ် လျှောက်သူ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ အကွက်အမှတ်(၅၉၂)၊ ဦးပိုင်အမှတ်(၄၅)ရပ်နေ အရွယ်မရောက်သေးသူ သို့မဟုတ် ၎င်းပိုင်သောပစ္စည်းအကြောင်း။

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ အကွက်အမှတ်(၅၉၂)၊ ဦးပိုင်အမှတ်(၄၅)ရပ်နေ (၁) ဒေါ်နွယ်နွယ် လျှောက်ထားသူက အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မောင်ဟိန်းထက်အောင် ဖြစ်သည်ဟူ၍ ၎င်းသူ၏ ကိုယ်နှင့်ပစ္စည်းကို (၁)အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၂ ခုနှစ် ဩဂုတ် ၁၉ ရက် (၁၃၈၄ခုနှစ် ဝါခေါင်လဆန်း ၈ရက်)တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၂၂ခုနှစ် ဇူလိုင် ၁၅ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဘားအံခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၃၀

ဒေါ်လွင်မာဦး နှင့် ဒေါ်ခင်သက်အေး
**(တရားလို)** **(တရားပြိုင်)**

အမှတ်(၃/၇၉)၊ ရပ်ကွက်(၃)၊ ဇာသပြင်အရှေ့ကျေးရွာ၊ ဘားအံမြို့နယ်နေ တရားပြိုင် ဒေါ်ခင်သက်အေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်လွင်မာဦးမှ ချေးငွေကျပ် ၁၈၀၀၀၀၀၀/- (သိန်းတစ်ရာရှစ်ဆယ်တိတိ)ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဩဂုတ် ၁၅ ရက် (၁၃၈၄ ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလိုအဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါ ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်ဝင်းမြင့် )**
**ဒုတိယခရိုင်တရားသူကြီး**
**ဘားအံခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/05813 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးထက် ၁၂/ဥကတ(နိုင်)၁၅၁၇၁၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**

## အမည်ပြောင်း

ရွှေဘိုမြို့၊ အမှတ်(၃)ရပ်ကွက်ကြီး၊ သက္ကယ်တန်းရပ်ကွက်နေ ဦးညွန့်ဦး ၅/ရဘန(နိုင်)၁၂၇၃၉၃၏ သားဖြစ်သူ မောင်မင်းခန့်သီဟအား ယနေ့မှစ၍ မောင်မင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မင်းခန့်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မော်လမြိုင်ခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ်- ၁၀၆

၁။ ဦးကျော်ညွန့် နှင့် ဒေါ်သဇင်မွန်
၂။ ဒေါ်စန်းမာ(ခ)ကြည်ကြည်ဝင်း
(၎င်းတို့၏အခွင့်ရကိုယ်စားလှယ်
ဒေါ်အေးနီလာကျော်)
**(တရားလို)** **(တရားပြိုင်)**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ (၃)လမ်း၊ အမှတ် (၂၀၂-အေ)နေ ဒေါ်သဇင်မွန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများဖြစ်သော ဦးကျော်ညွန့်၊ ဒေါ်စန်းမာ(ခ)ကြည်ကြည်ဝင်း (၎င်းတို့၏ အခွင့်ရကိုယ်စားလှယ်ဒေါ်အေးနီလာကျော်)က အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ်၊ ဩဂုတ် ၁ ရက်(၁၃၈၄ခုနှစ် ဝါခေါင်လဆန်း ၅ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက် အမည်ပါသူ တရားလိုအဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသည့် စာရွက်စာတမ်းများအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇူလိုင်လ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်မင်းနိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မော်လမြိုင်ခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၈၀၅၁ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဆန်း ၁၀/မဒန(နိုင်)၁၆၃၂၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ဟ/၂၃၅၄ ယာဉ်လက်ဝယ်ရှိသူ ဦးထက်နိုင်ဝင်း ၁၀/ပမန(နိုင်)၁၉၇၉၁၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊အဿက(၂၄)လမ်း၊မြေကွက်အမှတ်(၇၂၀)၊အကျယ်အဝန်း(၄၀ပေ×၆၀ပေ)ရှိဒေါ်အိမွန်မွန်ထွေး(၁၂/တမန(နိုင်)၀၀၄၃၀၅)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအဆောက်အဦးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုအမည်ပေါက်ပိုင်ရှင်ဒေါ်အိမွန်မွန်ထွေး(၁၂/တမန(နိုင်)၀၀၄၃၀၅)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သိမ့်သိမ့်ယမင်း LL.B,**
**အထက်တန်းရှေ့နေ(စဉ်-၄၀၈၉၄)**
**၀၉၂၅၄၃၃၂၃၀၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ကံဘဲ့(စံပြ)ကျေးရွာအုပ်စု၊ နတ်စင်စုကျေးရွာ၊ ကွင်းအမှတ်(၁၁၂)၊ ကွင်းအမည် (ခပင်းကွင်း)၊ ဦးပိုင်အမှတ်(၃/၆)၊ အကျယ်အဝန်း (၆၈ ပေ × ၂၄၀ ပေ)(၀.၃၇)ဧကရှိ ဒေါ်ရီရီစံ (၇/ပခန (နိုင်) ၁၃၀၅၆၉) အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဒေါ်ရီရီစံ (၇/ပခန (နိုင်) ၁၃၀၅၆၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)**
**Hein Htet San Law Firm**

**ဒေါ်လင်းလင်းထက်**
**LL.B,**
**အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)**
**၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆**

## အများသိစေရန် အမည်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ ၂၇လမ်း၊ ၇၃x၇၄လမ်းကြားနေ ဒေါ်ဇင်မာထွန်း (ဘ) ဦးထွန်းဖေမြင့် ၉/ခအဇ(နိုင်)၀၀၀၄၂၅၏ လွှဲအပ်ချက်အရ အများသိစေရန် အောက်ပါအတိုင်း သတိပေးကြေညာလိုက်သည်–

ခမ်းနားထည်ဝါမှုတို့ အစပြုရာ...

ရွှေသုန္ဒရီ

ပိုးထည်နှင့်နိုင်ငံခြားဇာအမျိုးမျိုး

**မှတ်ပုံတင်ကြေညာစာချုပ်အမှတ်–၆၀၃/၂၀၁၁ နှင့် ၅၆၈၃/၂၀၁၉**

ကျွန်ုပ်၏မိတ်ဆွေသည် အထက်ဖော်ပြပါ "ရွှေသုန္ဒရီ" အမည်အမှတ်တံဆိပ်ကိုအသုံးပြု၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း၌ "ရွှေသုန္ဒရီ" (အထည်ဆိုင်)နှင့် "ရွှေသုန္ဒရီ (ပိုးထည်အမျိုးမျိုး၊ နိုင်ငံခြားဇာအမျိုးမျိုး၊ အမျိုးသမီးအသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ အလှကုန်ပစ္စည်းအမျိုးမျိုး၊ ကလေးအဝတ်အထည်ပစ္စည်းအမျိုးမျိုး၊ အမျိုးသားဝတ်ချည်ထည်ပုဆိုးအမျိုးမျိုး) ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများ လုပ်ကိုင်ရာတွင် ၂၀၀၅ခုနှစ်မှစတင်၍ ယနေ့အချိန်အထိ အစဉ်တစိုက်အသုံးပြုခဲ့ပြီးနောက် အများပြည်သူတစ်ခဲနက်အားပေးခဲ့ကြပြီး မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှုးရုံး၏ မှတ်ပုံတင်ကြေညာစာချုပ်အမှတ်–၆၀၃/၂၀၁၁နှင့် ၅၆၈၃/၂၀၁၉တို့အရ တစ်ဦးတည်းမူပိုင်အမှတ်တံဆိပ်အဖြစ် တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ကာ ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအမှတ်–၃/၂၀၁၉အရ အမှတ်တံဆိပ်မူပိုင်ခွင့် တင်သွင်းလျှောက်ထားခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်မိတ်ဆွေမှ Owner Rights ရရှိပိုင်ဆိုင်သော "ရွှေသုန္ဒရီ" အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ "ရွှေသုန္ဒရီ" (အထည်ဆိုင်) နှင့် "ရွှေသုန္ဒရီ " (ပိုးထည်အမျိုးမျိုး၊ နိုင်ငံခြားဇာအမျိုးမျိုး၊ အမျိုးသမီးအသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ အလှကုန်ပစ္စည်းအမျိုးမျိုး၊ ကလေးအဝတ်အထည်ပစ္စည်းအမျိုးမျိုး၊ အမျိုးသားဝတ်ချည်ထည်ပုဆိုးအမျိုးမျိုး) အမည်ဆိုင်းဘုတ်ချိတ်ဆွဲခြင်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများနှင့် ၎င်းလုပ်ငန်းများနှင့်ဆက်စပ်လုပ်ငန်းများလုပ်ကိုင်ရာတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း Online & Outlineများတွင် ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ တုပသုံးစွဲခြင်းများ၊ Social Mediaများတွင် အကောင့်တု၊ ပေ့ချ်အတုများ ပြုလုပ်၍ အများပြည်သူအထင်အမြင်လွဲမှားစေရန် မပြုလုပ်ကြပါရန်နှင့် ကျွန်ုပ်မိတ်ဆွေ၏ မိသားစု၊ ဆွေမျိုးများအပါအဝင် မည်သူမဆို ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ–**
**ဒေါ်ခင်နီနီစိုး(LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**Office–အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉x၂၀ကြား၊ မန္တလေးမြို့၊**
**ဖုန်း–၀၂–၄၀၆၈၈၃၉၊ ၀၉–၂၀၀၆၀၂၉၊ ၀၉–၇၉၂၀၀၆၀၂၉၊ ၀၉–၂၀၅၇၄၅၃၊**
**ladylawyer.khinninisoe@gmail.com**

## အများသိစေရန်အသိပေးကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂/ပေါင်းလောင်း–၂)၊ မြေကွက်အမှတ် (၅၁၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧက၊ ပေ(၆၀x၄၀)အကျယ်အဝန်းရှိ ရောင်းချသူ ဦးကိုကိုလေး အမည်ဖြင့် ဂရန်ချထားပေးသည့် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်သုံးစွဲခွင့် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကိုကိုလေး (ဘ) ဦးသက်တင် ၉/မရမ(နိုင်)၀၃၀၆၀၉ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေး စရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အထက်ပါ ရောင်းချသည့်ဂရန်မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်နန်းရွှေရည်ဦး** | **ဦးကျော်ဆန်းဦး** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၁၉၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၁၈၀)** |

**အမှတ်(ဆ–၁၁/၄၅)၊ ၆၉ အေ–လမ်း၊ ၁၀၉x၁၁၀လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း–၀၉–၂၅၉၀၀၂၁၆၀၊ ၀၉–၄၃၁၈၃၈၉၉**

## မွေးသက္ကရာဇ်အမှန်

တနိုင်းမြို့နယ်၊ မကောကျေးရွာအုပ်စု၊ အထက(လမုန်)ကျောင်း၊ Grade–9(B)မှ မဒါမာဆာ၏ မွေးသက္ကရာဇ်အမှန်မှာ ၃–၁၁–၂၀၀၆ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်မ မကူမာရီ ၁/မကန(နိုင်)၂၂၁၈၂၆၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၅၉၈၅၇၄၀၀**

## ပတ်စ်ပို့ပျောက်

ကျွန်မ မလွမ်းစိုင်း ၁/မကန(နိုင်)၂၆၇၉၁၄ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၀၂၉၂၃၄၅၅**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4N/4059 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၂–၂၊ အုတ်ကျင်းအနောက်)၊ ဦးပိုင်အမှတ်(၂၄)၊ မြေဧရိယာ ၀ ဒသမ ၁၈၄ဧကရှိ မြေကွက်သည် ဒေါ်ဆန်းရာအမည်ဖြင့် ၆–၁၀–၂၀၂၅ရက်အထိ မြေငှားဂရန်အမည်ပေါက်လျက်ရှိပြီး ဒေါ်ဆန်းရာထံမှ ဦးဇခုံနန်နောင်၊မဂျာထွယ်ရာ၊ မောင်အောင်မြတ်တို့ သုံးဦးက ၂၃–၁၂–၂၀၂၁ရက်စွဲပါ နှစ်ဦးသဘောတူခြံမြေကွက်အရောင်းအဝယ်ကတိစာချုပ်မှတ်ပုံတင်အမှတ်(၂၅၇/၂၀၂၁)ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ဦးဇခုံနန်နောင်ပါ သုံးဦးအမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းရရှိရေးအတွက် တင်ပြလျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၄၊ တပ်ကုန်းမြောက်)၊ အမှတ်(၄၂၂)၊ မြေဧရိယာ ၀ ဒသမ ၉၀၉ဧကရှိ မြေကွက်သည် မူလက ဒေါ်ဒီဒီခေါန်ရှောင်ပါ လေးဦး အမည်ဖြင့် အမှုတွဲအမှတ် ၄၁၃/V (၂၀၁၈–၂၀၁၉)အရ ၉–၇–၂၀၅၀ရက်အထိ နှစ်(၃၀)မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက် ဒေါ်ဒီဒီခေါန်ရှောင်(ဦးဒီဒီနော်ဂျာ–ဦးဒီဒီလတောင် –ဒေါ်ဒီဒီလုနန်တို့၏ GPရရှိသူ)သည် ၂၂–၁၀–၂၀၂၀ ရက်တွင် ဒေါ်လုရိန်အား စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၄၁၉/၂၀၂၀)အရ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနတွင် မူလဂရန်ဧရိယာ ၀ ဒသမ ၉၀၉ဧကအနက်မှ ၀ ဒသမ ၀၆၄ ဧကအား ရောင်းချခဲ့ပါသည်။ ယခုအခါ ဒေါ်လုရိန် ၁/မကန(နိုင်)၁၃၆၀၀၄မှ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန်(ဦးပိုင်ခွဲ/အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါသည်




မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် Essential Purified Drinking Water ကို မှတ်ပုံတင်ပြုလုပ်၍ သောက်ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

၎င်းအမှတ်တံဆိပ်အား အတုအပပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ပါက တရားဥပဒေအရ တရားစွဲဆိုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ကန့်ကွက်လိုပါက တစ်ပတ်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဒေါ်ချိုချိုဌေး**

**မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**ဖုန်း–၀၉–၉၇၉၇၈၆၄၄၈၊ ၀၉–၄၄၀၄၃၀၉၅၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/14093 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ကောင်းစံစံ ၉/ခမစ(နိုင်)၀၅၅၈၇၀ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6N/1065 Suzuki Every DA64V Delivery Von (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုလတ်၏ ၉/မဟမ(နိုင်)၀၀၄၂၀၆ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/44046 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Bamboo Shade Family Co.,Ltd, 37 (28x80) St က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/27305 WanQiang M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးကျော်ထက် ၉/မနတ(နိုင်)၀၀၄၉၈၈ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် – ၃၈၃

ဦးခင်ဇော် **နှင့်** ၁။ ဒေါ်သဲနုအောင်
၂။ ဒေါ်နီနီအောင်
၃။ ဒေါ်သန်းသန်းမြင့်(ခ)ဒေါ်သီတာအောင်
၄။ ဒေါ်ထက်ထက်လှိုင်
၅။ ဒေါ်လေးလေးခန့်
(အကျိုးဆောင်လုပ်ငန်းအတူလုပ်ကိုင်သူများ)
အမှတ်(၃၇)၊ ပထမထပ်၊ ၁၆၇ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆။ ဦးခိုင်မြင့်
တိုက်(၁၃)၊ အခန်း(၆)၊ ၃၂ ရပ်ကွက်၊ ဒဂုံမြောက်ပိုင်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၇။ ဒေါ်ရင်ရင်ပြုံး
အမှတ်(၆၅)၊ ငါးလွှာ၊ မော်တင်(၉)လမ်း၊ ၄ ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၈။ ဒေါ်ပြုံးပြုံးကြည်(ခ)မပေါက်
အမှတ်(၄၇)၊ ပထမထပ်(ဝဲ)၊ အနော်မာ(၃)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ယခုနေရပ်လိပ်စာမသိသူများ)

**(တရားလို)** **(တရားပြိုင်များ)**

အထက်ပါ ဒေါ်သဲနုအောင်ပါ–၈ ဦး ယခုနေရပ်လိပ်စာမသိသူ တရားပြိုင်များ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက "၂၁–၇–၂၀၂၀ ရက်စွဲပါ ကတိစာချုပ်နှင့် ဆက်စပ်စာချုပ်များအရ ငွေသိန်း(၁၁၁၀၀၀၀၀၀)ကျပ် (ကျပ်သိန်းတစ်ထောင့်တစ်ရာတစ်ဆယ်တိတိ)ရလိုမှု" သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၂၈ ရက်(၁၃၈၄ခုနှစ် ဝါခေါင်လဆန်း ၁ရက်)မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့ မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေး လိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၁၅ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(စမ်းသီတာအောင်)**

**ဒုတိယခရိုင်တရားသူကြီး(၁၅)၊**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါတင်ဒါများအား (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆို ဆောင်ရွက်လိုပါသည်–

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 28(T)/DPTSC(PSD)/22–23 | ပင်မဓာတ်အားခွဲရုံများတွင် အသုံးပြုရန်အတွက် Main Transformer များ ဝယ်ယူရန် |
| ခ | 29 (T)/DPTSC(PSD)/22–23 | Switchgear & Accessories များ၊ Control & Relay Panelများနှင့် Earth Rod များဝယ်ယူရန် |

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် ၁၇–၈– ၂၀၂၂ရက်၊ ၁၄:၀၀ နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web – Portal (www.moee.gov.mm) တွင်လည်း ကြေညာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း–၀၆၇– ၃၄၁၀၂၀၉၊ ၀၆၇– ၃၄၁၀၂၈၂**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၂၂ )
## ချမ်းမြသာစည်မြို့နယ် တရားရုံးတော်
## ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ်-၂ နှင့် ဆက်နွယ်သည့်
## ၂၀၂၂ ခုနှစ် တရားမဇာရီမှုအမှတ်-၂၄

ဒေါ်ခင်မွေး နှင့် ၁။ ဦးခင်မောင်မြင့်
၂။ ဦးမှတ်ကြီး

ဒီကရီအနိုင်ရသူ တရားရှုံးများ

၁။ ဦးခင်မောင်မြင့်(ဘ)ဦးအုန်းလှိုင် အမှတ်(၁၁၉)၊ ပုသိမ်ကြီးမြို့နယ် (ယခုနေရပ်လိပ်စာမသိ)၊ ၂။ ဦးမှတ်ကြီး (ဘ) ဦးသောင်း၊ အကွက် (၅၄၃)၊ ရတနာ အရှေ့ရပ်၊ မဟာအောင်မြေမြို့နယ် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ်–၂ တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ခင်မွေးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၂၉ ရက်(၁၃၈၄ ခုနှစ် ဝါခေါင်လဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထွန်းကျော်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် –၅၊ နည်းဥပဒေ–၂၀)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် – ၂၂၄

ဦးဇင်မင်းသန့် နှင့် ဒေါ်ရွှေဇင်ထွေး
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အကွက်(၆၅၀)၊ အကြော်တန်းလမ်း၊ ၃၇x၃၈ လမ်းကြား၊ ၇၆x၇၇ လမ်းကြားနေ ဒေါ်ရွှေဇင်ထွေး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၂၈ ရက်(၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇွန် ၂၈ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မန္တလေးခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6D/5994 Toyota Landcruiser Prado Station Wagon (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျအောင်ကျော် ၁/မကန(နိုင်)၁၃၆၃၂၅ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6J/8823 Nissan Latio N17 Saloon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမော်ခန့် ၉/ခမစ(နိုင်)၀၆၉၈၀၄ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဒုတိယဗိုလ်မှူးကြီး အောင်နိုင်(ငြိမ်း)

**တေဇ(၁၃)**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး**
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၂၀/B)နေ ဗိုလ်ကြီး သိန်းမောင်(ငြိမ်း)-ဒေါ်အေးကြည်တို့၏ သား၊ ဗိုလ်ကြီးကျော်ခိုင်(ငြိမ်း)-ဒေါ်သိန်းနှစ် (အောင်ကျော်သိန်းပုံနှိပ်လုပ်ငန်း)တို့၏ သားသမက်၊ ဦးကျော်လွင်-ဒေါ်နီလာအေးတို့၏ မောင်၊ ဦးအောင်မျိုးသိန်း-ဒေါ်ပုလဲ၊ ဦးအောင်ဇော်-ဒေါ်စန္ဒာအေးတို့၏ အစ်ကို၊ ဒေါ်မေရီခိုင်၏ ခင်ပွန်း၊ မနန္ဒာကျော်သိန်း(သျှားထွင့်အိန္ဒြာ)၊ မသီရိကျော်သိန်းတို့၏ ဖခင် ဒုတိယဗိုလ်မှူးကြီးအောင်နိုင်(ငြိမ်း)သည် ၁၆-၇-၂၀၂၂(စနေနေ့) ညနေ(၆ နာရီ မိနစ် ၄၀) တွင် တပ်မတော်အသည်းဆေးရုံကြီး မင်္ဂလာဒုံတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၂၂(ဗုဒ္ဓဟူးနေ့) မွန်းတည့် (၁၂) နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး၊ ခုတင်(၁၀၀၀)မင်္ဂလာဒုံ၊ ငြိမ်းအေးဇရပ်တွင် တရားနာ၍ မင်္ဂလာဒုံတပ်မတော် စစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ (ကွယ်လွန်သူအားရည်စူး၍ ၂၂-၇-၂၀၂၂(သောကြာနေ့)နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ တန်ဆောင်း၊ ရေချမ်းစင် ဒါယိကာမကြီး

## ဒေါ်မာသီ(ခ)ဒေါ်ဝေဝေထက်

**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်၊(၁၃)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်းနေ ဦးတင်ထွန်းအောင်၏ဇနီး၊ ဦးခင်မောင်မြင့်-ဒေါ်သိန်းမြ၊ ဒေါ်သန်းသန်းဆင့်တို့၏ညီမ၊ ဒေါ်ခင်ဌေး၏ အစ်မ၊ မထူးမြတ်တင့်ဝေ၏ မွေးသမိခင် ဒေါ်မာသီ(ခ)ဒေါ်ဝေဝေထက် သည် ၁၉-၇-၂၀၂၂ရက်(အင်္ဂါနေ့) နံနက် ၇:၁၅ နာရီတွင် (၉၆) ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၂၂ ရက်ညနေ ၃ နာရီတွင် ကျည်စုသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

**အမည်ပြောင်း**

ရွှေဘိုမြို့၊ အမှတ်(၅)ရပ်ကွက်ကြီး၊ ဆင်ရုံရပ်ကွက်နေ ဦးထက်ဖြိုးသျှံ ၅/ရဘန(နိုင်)၁၄၇၅၆၈ ၏သားဖြစ်သူ မောင်ရှိုင်းခန့်အား ယနေ့မှစ၍ မောင်စိုင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်စိုင်းခန့်**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၇-၂၀၂၂ရက်ထုတ် ဤသတင်းစာစာမျက်နှာ (၂၉) ပါ ကြော်ငြာစာ၊ ပဲခူးခရိုင်တရားရုံးကြော်ငြာတွင် ၂၀၂၂ခုနှစ်၊ ဩဂုတ် ၂၅ ရက် အစား **၂၀၂၂ခုနှစ် ဩဂုတ် ၅ရက်** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/2334 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၇ယ/၇၀၉၆၂, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ NCX MYANMAR က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## အမည်ပြောင်း

သံဖြူဇရပ်မြို့နယ်၊ အထက(ခွဲ) ဝယ်ဝင်ကရာ Grade-5 မှ ဦးစိုးသိန်း-ဒေါ်ငွေရီမွှန်တို့၏ သမီး မဟန်သဇင်အား မသဇင်လင်းဟု ပြောင်းလဲခေါ်ပါရန်။

**မသဇင်လင်း**

**အမည်ပြောင်း**

သံဖြူဇရပ်မြို့နယ်၊ အထက(ခွဲ)ဝယ်ဝင်ကရာ Grade-2 မှ ဦးမင်းလှိုင်၊ ဒေါ်သိန်းစိုးတို့၏သမီး မဆန်းလွင်ဖြူအား မဇင်ဖြူအေး ဟု ပြောင်းလဲခေါ်ပါရန်။

**မဇင်ဖြူအေး**

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာန၊ မန်ဆူကားဝင်းအတွင်းရှိ ဆိုင်ခန်းအမှတ်(A-39) ပိုင်ဆိုင်သူ ဦးဖူကျွင်း ၁၃/လရန (နိုင်) ၀၆၅၃၈၉ မှ ဆိုင်ခန်းပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းများပျောက်ဆုံးသွားပါသဖြင့် မိတ္တူအသစ် ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါရှိသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးဖူကျွင်း ၁၃/လရန(နိုင်)၀၆၅၃၈၉**
**လားရှိုးမြို့၊ ဖုန်း-၀၉-၂၆၈၈၂၆၁၁၅**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/27408, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးရဲမိုးဆွေ ၁၄/မမန(နိုင်)၀၀၂၅၁၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

## ဦးလှိုင်ဝင်း

**ရဲမှူးကြီး(ငြိမ်း)**
**ပြည်ထဲရေးဝန်ကြီးဌာန**
**အသက်(၇၃)နှစ်**

(ဦးစိန်တိုး-ဒေါ်ခင်ချစ်)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁) ရပ်ကွက်၊ ရာဇသင်္ကြန်လမ်းသွယ်(၃)၊ အမှတ်(၅၉၅)နေ ဒေါ်အုံးတင်(တွဲဖက်ပါမောက္ခ-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးမြသန်း(ဥက္ကဋ္ဌ၊ ကမ္ဘောဇဘဏ်)-ဒေါ်ခင်စန်းဝေတို့၏ ညီ/မောင်၊ ဦးချမ်းငြိမ်းအေး-ဒေါ်ခင်ဇာခြည်ဝင်း၊ ဦးတင်မောင်နိုင်-ဒေါ်သက်နှင်းဦး တို့၏ ချစ်လှစွာသောဖခင်၊ မအေးမြသက်နိုင်၏ချစ်လှစွာသောအဘိုး ရဲမှူးကြီး လှိုင်ဝင်း (ငြိမ်း) သည် ၁၈-၇-၂၀၂၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၂၂ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါ တောင်ဥက္ကလာပနေအိမ်တွင် ဘုရားအမှူးရှိသော သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းမည် ဖြစ်ပါကြောင်းနှင့် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

## ရဲမှူးကြီး လှိုင်ဝင်း(ငြိမ်း)

**OTS(45)**

**အသက်(၇၃)နှစ်**

သူငယ်ချင်း ၁၈-၇-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲ ရပါသည်။

**OTS 45 သူငယ်ချင်းများနှင့် မိသားစုများ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/52784, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ပိုင် ၁၄/ဟသတ(နိုင်)၃၅၃၄၂၈ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/76442 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ပိုင် ၁၄/ဟသတ(နိုင်) ၃၅၃၄၂၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18W/33913, Lvojia-110 ယာဉ်လက်ဝယ်ရှိသူ ဦးလှဝင်း ၁၄/ဟသတ(နိုင်)၁၈၅၇၉၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟင်္သာတ)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ကြည့်မြင်တိုင်မြို့နယ်၊ထီးတန်းစက်မြေရပ်ကွက် ထီးတန်း(၄)လမ်း၊အမှတ်(၅)၊(၆)ထပ်တိုက်၏(၄လွှာ-ဘီ)၊အလျား × အနံ (၁၂ ၁/၂ × ၄၇ ၁/၂) ပေရှိရေ၊မီးအစုံ တိုက်ခန်းအား ဦးတင်ကိုကိုဦး(ဘ)ဦး ဦးကြည်စိန်(၁၂/လမန(နိုင်)၁၀၁၈၂၂)ကိုင်ဆောင်သူမှ လက်ရှိလက်ဝယ် ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့် ရှိကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချောချောစု(၁၂/ကခက(နိုင်)၀၅၅၆၉၇)ကိုင်ဆောင်သူက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ရာ အထက်ပါ အရောင်းအဝယ်ပြုလုပ်မည့် တိုက်ခန်းနှင့်ပတ်သက်၍ နောက်နောင် အရှုပ်အရှင်းများ မဖြစ်ပေါ်စေရန် အတွက် ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့် နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင် ကြောင်းနှင့် ကန့်ကွက်သူမရှိပါကဤအရောင်းအဝယ်ကိုဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးသိဒ္ဓိအောင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၁၈(၂၃.၁.၂၀၂၀)
အမှတ်-၁၄၃၊ဒုတိယထပ်၊၃၇-လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၇၇၆၈၅၄၃၀၁

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

စစ်ကိုင်းမြို့၊ ပြူကံရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၇၉၆/ဘူတာရုံ)၊ ဦးပိုင်အမှတ်(၁၁၂/က)၊ မြေဧရိယာ(၁ ဒသမ၆၈)ဧကရှိမြေသည် ဦးမြဇင် အမည်ဖြင့် မြေငှားဂရန် အမှုတွဲအမှတ် 11/91/RD (30 Years)၊ မြေငှားဂရန် သက်တမ်းမှာ (၂၀-၆-၁၉၉၁)ရက်မှ (၁၉-၆-၂၀၂၁)အထိဖြစ်ကြောင်း၊ ဖခင်ဖြစ်သူ ဦးမြဇင်နှင့် မိခင်ဖြစ်သူ ဒေါ်သိန်းရီတို့သည် ကွယ်လွန်သွားပါသဖြင့် သားသမီးများဖြစ်သည့် ဒေါ်လဲ့လဲ့မော် ပါ(၇)ဦးတို့မှ အမွေဆက်ခံစီမံခန့်ခွဲ အကျိုးခံစားခွင့်ရသည်မှာမှန်ကန်ကြောင်းကို စစ်ကိုင်းမြို့နယ်တရားရုံး၏ (၆-၅-၂၀၂၂)ရက်စွဲပါမှတ်ပုံတင်အမှတ်-၁၁၃ဖြင့် ကျမ်းကျိန်ဆိုခဲ့ပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာသူများသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်၍အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ကို (၂-၆-၂၀၂၂)ရက်တွင် ချုပ်ဆိုခဲ့ပြီး စစ်ကိုင်း မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားကြောင်း၊ ယခုအခါ ဒေါ်လဲ့လဲ့မော် ပါ(၇)ဦးတို့မှ ၎င်းတို့၏အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း/သက်တမ်းတိုး ထုတ်ပေးနိုင်ပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူ မည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ ၁၅ရက်အတွင်းစစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြင့်သိန်း

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ပျဉ်းမမြိုင်လမ်း၊ အမှတ် ၈၀၈နေ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်တွတ်(ခ)ဒေါ်ခင်စန်း၏ခင်ပွန်း၊ ဒေါ်ခင်ချိုဦး၊ ဦးဘုန်းပြည့်၊ ဦးဇော်-ဒေါ်ခင်ချိုဆက်(စိန်ဆဒ္ဒန်အိမ်ဆောက်ပစ္စည်းဆိုင်၊ ပင်းတယမြို့)၊ ဦးထွန်းထွန်း-ဒေါ်ခင်ချိုသက်(Taiwan)၊ ဦးဘုန်းပြည့်လွင်-ဒေါ်စန်းသီတာဇော်(Singapore)၊ ဦးဘုန်းပြည့်နိုင်-ဒေါ်မေနှင်းမိုး(နှင်းရတနာစတိုး)တို့၏ဖခင်၊ မြေး ရှစ်ယောက်တို့၏ အဘိုး၊ တူ၊တူမ ကိုးယောက်တို့၏ ဘကြီး ဦးမြင့်သိန်းသည် ၁၈-၇-၂၀၂၂ရက်(တနင်္လာနေ့) ညနေ ၄:၂၉ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

(နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဦးသက်သက်နိုင်

**အသက်(၅၅)နှစ်**

တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟ(၁၀)လမ်း၊ အမှတ်(၈၇၂)နေ ဦးမြမောင်(စီမံကိန်းအင်/ယာ-ငြိမ်း)- (ဒေါ်တင်(ခ)ဒေါ်ခင်အေးလွင်)တို့၏သား၊ (ဦးထွန်းစိန်)-ဒေါ်မြခင်(ခ) ဒေါ်စွဲတို့၏သားသမက်၊ဦးခင်မောင်လွင်-(ဒေါ်ခင်စန်းဝင်း)တို့၏တူ၊ဦးကိုကိုနိုင်(အကြီးတန်းလိုင်စင်အင်/ယာ KKN Construction)-ဒေါ်ကြည်ကြည်ဦး၊ ဦးမောင်မောင်နိုင်တို့၏ညီ၊ မစန္ဒာအောင်၊ ဦးအောင်အောင်နိုင်-ဒေါ်သီသီဦး၊ ဦးကျော်ကျော်နိုင်(M.D UK Construction Group)-ဒေါ်ကျော့ကေသီ၊ မချောကလျာအောင်တို့၏ အစ်ကို၊ တူ၊ တူမ ခုနစ်ယောက်တို့၏ ဦးလေး၊ ဒေါ်ချိုချိုလွင်၏ခင်ပွန်း၊ မဆုရတနာဦး၊ မောင်ထက်ဦးလွင်တို့၏ဖခင် ဦးသက်သက်နိုင်သည် ၁၈-၇-၂၀၂၂ရက်(တနင်္လာနေ့) ညနေ ၃:၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## (၁) နှစ်ပြည့်အလွမ်း

## ဒေါ်စန္ဒီချိုသက်လှိုင်

**မြို့နယ်တရားသူကြီး၊ မြောက်ဥက္ကလာပမြို့နယ် (စည်ပင်သာယာတရားရုံး)**

**(၂၀-၇-၂၀၂၁ မှ၂၀-၇-၂၀၂၂)**

သမီးလေး မစန္ဒီ (ခ) ဆုံဆုံရေ.. သမီးလေး မေမေတို့မိသားစုဘဝထဲက ထွက်သွားတာ (၁)နှစ်ပြည့်ခဲ့ပြီနော်.....ကိုဗစ်ကာလကြီးမှာ ကိုဗစ်ရောဂါကြောင့်မဟုတ်ဘဲ မူလရှိရင်းရောဂါအခံကြောင့် ဆေးရုံတင်ဖို့ကြိုးစားရင်း ရုတ်တရက်ကွယ်လွန်ခဲ့ရပါတယ်.. ဘာပဲဖြစ်ဖြစ် ဘဝရဲ့ ဝဋ်ကြွေးကံကြမ္မာကြောင့်ပဲလို့ ခံယူဖြေသိမ့်ရင်း တစ်နှစ်ပတ်လုံးပြုပြုသမျှ အောက်ပါ ကုသိုလ်ကောင်းမှုတို့ရဲ့ အဖို့ဘာဂကို ကွယ်လွန်သူ သမီးဖခင်ကြီးနဲ့တကွ သမီးလေးတို့ကို သာဓုခေါ်ဆိုနိုင်ဖို့ အမျှပေးဝေလိုက်ပါ တယ်..

သမီးလေးရေ သာဓုခေါ်ဆိုနိုင်ပြီး ကောင်းရာသုဂတိဘုံဘဝသို့ ဖြောင့်တန်းစွာရောက်ရှိနိုင်ပါစေ.. ယခုလိုအဖြစ်ဆိုးမျိုးနဲ့လည်း ဘဝဆက်တိုင်း မကြုံတွေ့ရပါစေနဲ့ သမီးရေ....

- ဘုရား စေတီ ကျောင်း သိမ်များပြုပြင်ခြင်း/တည်ထားခြင်း
- ဘုရားစေတီများ၌ အုတ်တံတိုင်းများ၊ ဆလိုက်မီးလုံးကြီးများ၊ ဆိုလာမီးတိုင်များလှူဒါန်းခြင်း
- လမ်းခင်းခြင်း၊ ရေကန်တူးဖော်ခြင်း၊ မြေဖို့ခြင်း
- ကင်ဆာဆေးရုံများ၌ ကင်ဆာဝေဒနာရှင်များအတွက် အာဟာရဒါနနှင့် ဆေးပဒေသာပင်များ လှူဒါန်းခြင်း
- နေ့စဉ် လစဉ် နှစ်စဉ် ပရိက္ခရာရှစ်ပါး၊ သင်္ကန်း၊ ကျောင်း၊ ဆေး နဝကမ္မစသော ရည်စူးအလှူ ကာလဒါနအလှူများကို လှူဒါန်းခြင်း၊

**သမီးလေးချစ်တဲ့**
**မိခင်ကြီး ဒေါ်ချိုချိုအောင်နှင့်**
**အစ်ကို၊ အစ်မ၊ တူလေးများနှင့် တူမလေး**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5P/2072 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ပျောက်ဆုံးကြောင်း

Myanmar Tencent Fashion Co.,Ltd ၏ MIC Permit အတည်ပြုမိန့်အမှတ် ရကတ-၃၇၇/၂၀၂၀(၁၈-၃-၂၀၂၀)သည် (၁-၇-၂၀၂၂)ရက်တွင် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၂၇၁၉၁၇**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/5214 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁၈)၊ ဦးပိုင်အမှတ်(၅၅)၊ ဧရိယာ ၄၀x၆၀ပေ မြေကွက်မှာ ပုသိမ်ကြီးမြို့၊ မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ ချပေးထားသော စလစ်မြေဖြစ်ပြီး အဆိုပါ မြေကွက်အတွင်းမှ မြောက်ဘက်ဆုံးခြမ်း(၁၅x၄၀)ပေကို ဦးဝင်းလှိုင်မှ ဝယ်ယူနေထိုင်ပိုင်ဆိုင်ခဲ့သည်မှာ (၂၅)နှစ်ခန့်ရှိပြီး ယင်းမြေ ကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိ တရားဝင်ဝယ်ယူပိုင်ဆိုင်နေထိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ဇာနီလှိုင်ပါ ၅ ဦး(ဘ)ဦးဝင်းလှိုင်ထံမှ ဦးကျော်ဇင်ဝင်း၊ ဒေါ်ဝိုင်းသီရိဒုံက ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေး စရန်ငွေများပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ပြုလုပ်သော ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်တင်ပြ ကန့် ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ**
**၁။ ဦးကျော်ဇင်ဝင်း(ဘ)ဦးဝင်းမြင့်**
**၉/ခမစ(နိုင်)၀၆၂၇၇၄**

**၂။ ဒေါ်ဝိုင်းသီရိဒုံ(ဘ)ဦးစိုးသိန်း**
**၉/တသန(နိုင်)၁၉၀၉၄၇**
**(၅၁-အေ)လမ်း၊ (၁၀၄-အေ) x ၁၀၅လမ်းကြား**
**အကွက်(၁၈)၊ ဦးပိုင်(၅၅)**
**အောင်ပင်လယ်ရပ်ကွက်**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၅၂/၂၀၁၇)**
**အကွက်(၁၈)၊ အမှတ်(၅၉)၊ ၅၁(အေ)**
**၁၀၄(အေ)x ၁၀၅ လမ်းကြား**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၀၂၅၈၉၈၅၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**ဒီမိုကရေစီဖော်ဆောင်ရာတွင် နိုင်ငံတော်အတွက် အရေးအကြီးဆုံးသော လုပ်ငန်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးပဲဖြစ်ပါသည်။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေးသည် တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့်အတွက် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တပ်မတော်အား လွှဲပြောင်းပေးထားပြီးဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ဒီမိုကရေစီကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို လက်ကိုင်ထားပြီး တပ်မတော်နှင့်အတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းလိုပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာမှကောက်နုတ်ချက်)

၁၂-၂-၂၀၂၁

## CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာ လုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက် ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၁၉**

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားကြောင်း သိရှိရသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ✻

## အောင်မြေသာစံမြို့နယ်ရှိ PDF အမည်ခံအကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြားကာ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး

**နေပြည်တော် ဇူလိုင် ၁၉**

NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အဦများကို မီးရှို့ဖျက်ဆီးခြင်းနှင့် မိုင်းထောင်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည်။

*စာမျက်နှာ ၂၄ ကော်လံ ၁* ○

### ယနေ့ သတင်းအညွှန်း



**အာဇာနည်နေ့တွင် ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်သို့ ရဟန်းရှင်လူ၊ အများပြည်သူနှင့် နိုင်ငံခြားသားများ လာရောက်လေ့လာ** — ပြည်တွင်းသတင်း စာ - ၁၁

**စပိန်နိုင်ငံ၌ အပူလှိုင်းနှင့်ဆက်စပ်သော ဖြစ်စဉ်ကြောင့် သေဆုံးသူ ၅၁၀ အထိ ရှိလာ** — နိုင်ငံတကာသတင်း စာ - ၁၃

**နိုင်ငံတစ်ဝန်း သစ်ပင် သစ်တောများဖြင့် စိမ်းလန်းစိုပြည်ရေး ရှင်သန်အောင် စိုက်ပျိုးပေး** — ဆောင်းပါး စာ - ၂၀

## ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲဝင်အသင်းအချို့ ပြောင်းလဲခဲ့ပြီး မြန်မာ၊ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်မည်

**ရန်ကုန် ဇူလိုင် ၁၉**

ဗီယက်နမ် ဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပမည့် ၂၀၂၂ ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲဖြစ်သည့် International U-19 Thanh Nien Cup ပြိုင်ပွဲဝင်အသင်း အချို့ အပြောင်းအလဲ ဖြစ်ပေါ်ခဲ့ပြီး အိမ်ရှင်ဗီယက်နမ်၊ မြန်မာ၊ ထိုင်းနှင့် မလေးရှားအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

International U-19 Thanh Nien Cup ပြိုင်ပွဲကို သြဂုတ် ၅ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဘင်ဒေါင်းအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

*စာမျက်နှာ ၂၄ ကော်လံ ၅* ❄



၂၀၂၂ အာဆီယံ ယူ-၁၉ ပြိုင်ပွဲတွင် မြန်မာနှင့် ဗီယက်နမ်အသင်း တွေ့ဆုံခဲ့စဉ်။